


# သတ္တဝါ ဘယ်ကစပါလိမ့်

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

၁၉

0334

THITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော

တရားတော်

# "သတ္တဝါ ဘယ်က စပါလိမ့်"

THITSARPARAMI LIBRARY
Date ..........

| | |
|---|---|
| စာမူခွင့်ပြုအမှတ် ........... | ၄၂ / ၂၀၀၀ ( ၁ ) |
| မျက်နှာဖုံးခွင့်ပြုအမှတ် ......... | ၆၇ / ၂၀၀၀ ( ၂ ) |
| ပုံနှိပ်ခြင်း ................ | ပထမအကြိမ် |
| အုပ်ရေ ................... | ၅၀၀၀ |
| ထုတ်ဝေသည့်ကာလ .......... | ၂၀၀၀ ၊ မတ်လ |
| ထုတ်ဝေသူ ................ | ဦးအောင်ချို (မြ - ၀၈၃၁)<br>မိုးကုတ်ဝိပဿနာတရားစဉ်နှင့်<br>လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်<br>အမှတ် ၈၂ ၊ နတ်မောက်လမ်း ၊<br>ရန်ကုန်မြို့ |
| မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ .... | ဦးတိုးဝင်း ( ၀၂၄၃၁ )<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ ၊ ၁၁လမ်း ၊ ရန်ကုန်မြို့ |
| ကွန်ပျူတာစာစီ ........... | မျိုးမော်ကွန်ပျူတာ |

1(B)

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
## အမှာစာ

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒကာ,ဒကာမများ သိသင့်သိထိုက်သော တရားတော်များကို လိုလေသေးမရှိအောင် ဟောကြားတော်မူထားခဲ့ရာ သံတ္တဝါအစကိုပင် ဟောကြားခဲ့ပါသေးသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ၊ ပွင့်ခဲ့ပြီးသော နောင်တော့် နောင်တော်ဘုရားပေါင်းမှာ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသည်ဟု မိန့်တော်မူပါသည်။

ဂေါတမမြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်စဉ် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများသာ ပွင့်တော်မူသဖြင့် ဂင်္ဂါမြစ်တွင်းရှိ သဲပွင့်မက ပွင့်တော်မူခဲ့သော ဘုရားအဆူဆူအတွက် အချိန်ကာလ ကမ္ဘာအရေအတွက်ကို ဉာဏ်မီသမျှ မှန်းဆကြည့်သင့်ပါသည်။

ထို့အတူ ကမ္ဘာတစ်ခု၏ သက်တမ်းကာလကို ကြည့်ပြန်လျှင် ဘုရားငါးဆူပွင့်တော်မူသော ဤကမ္ဘာ၌ ဘုရားတစ်ဆူနှင့်တစ်ဆူ

ကြား သက်တမ်းကာလသည် လူတစ်ယောက်၏ ဘဝဖြစ်စဉ် အရိုးများကို စုပုံထားပါလျှင် (၁၃)မိုင်ခန့် မြင့်မည်ဟု ဟောကြား တော်မူသဖြင့် ဘုရားငါးဆူပွင့်သော ဤကမ္ဘာ၏ သက်တမ်းကို တွေးတောချိန်ဆနိုင်ပါသည်။

သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ နောက်နောက်က ဖြစ်စဉ်၊ သတ္တဝါအစကို ပြန်တွေးပါလျှင် မိုးမဆုံးမြေမဆုံးသာ ဖြစ်ပါမည်။ အကျိုးမရှိ ငြင်းခုံလိုသူများ အထူးစဉ်းစားနိုင်ရန် ဖော်ပြခြင်းသာ ဖြစ်ပါသည်။

ဤစာအုပ်မှ တရားတော်များသည် နာရီဝက်ခန့်စီသာရှိသဖြင့် ယောဂီများ ကျေးဇူးများစေရန် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါး တရားတော် အမှတ်စဉ် (၇) မှ (၂၅-၁၀-၆၁)နေ့ ဟောကြားခဲ့သော တရားတော်နှင့် အမှတ်စဉ် ၂၅ မှ (၁၃-၅-၆၂)နေ့ဟောကြားခဲ့သော တရားတော် နှစ်ပုဒ်ကို ပေါင်း၍ ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ကိန်းနိုင်ကြပါစေ။

၁၆-၆-၉၉ အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# "သတ္တဝါ ဘယ်က စပါလိမ့်"

(၂၅-၁၀-၆၁)

❀ ❀ ❀

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်လို့မှတ်ရမယ်...(မှန်ပါ့)၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း သီတင်းသုံးနေပြီးတော့ ရဟန်းတို့ သတ္တဝါအစတော့ ငါမမြင်ဘူး...၊ အမိန့်ရှိလိုက်တယ်။

## သတ္တဝါအစဆိုတာ

သတ္တဝါအစကို ငါမမြင်ဘူးတဲ့၊ အစဆိုတာက အထည်စ, ဓမ္မအစ, နှစ်မျိုးရှိတယ်လို့ ဒကာ,ဒကာမတွေက မှတ်ထားလိုက်စမ်းပါ...(မှန်ပါ့)၊ အထည်စ,ဖြစ်တာကို ဘုရားမမြင်ဘူး၊ အထည်ဖြစ်ခြင်းအစတော့ သူ သိတယ်...(မှန်လှပါဘုရား)။

အဲဒါ ငြင်းကြခဲ့ကြတာ အလွန်များပါတယ်...(မှန်ပါ့)၊ ဘုရားဟာ အကုန်သိတယ်ဆိုပြီး သတ္တဝါအစ မသိဘူးတဲ့၊ ဒီလိုပြောတဲ့လူ ရှိတယ်...(မှန်ပါ့)။

အဲဒါတွေလဲ မှတ်ကြရလိမ့်မယ်။ အထည်စ,ကိုတော့ လျှောက်တွေးမယ်ဆို မဆုံးနိုင်ဘူး...(မှန်လှပါ)၊ အထည်ဖြစ်ကြောင်း အစကိုတော့ တွေးလိုက်ရင် သူသိတယ်...(မှန်လှပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အထည်စ,ကို တော့မသိဘူး၊ အထည်ဆိုတာ ဝတ္ထုပစ္စည်း...(မှန်လှပါ)၊ အထည်ဆိုတဲ့ ဝတ္ထုပစ္စည်းအစတော့ လျှောက်တွေးနေလို့ရှိရင် မဆုံးပေဘူးတဲ့...(မှန်ပါ့)၊ အဲဒီဝတ္ထုပစ္စည်းကို ဘယ်သူတည်ထောင်တယ်ဆိုတဲ့ အစတော့ ငါသိတယ်...(မှန်လှပါ)၊ ဒီလိုဆိုတော့ ရှင်းသွားပြီ...(မှန်လှပါ)။

## အထည်စတော့ မသိဘူး

စာက ဆိုထားတာက "အနမတဂ္ဂေါယံ ဘိက္ခဝေသံသာရော ပုဗ္ဗကောဋိ နပညာယတိ" ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ အယံသံသာရော-ဤခန္ဓာသံသရာကြီးသည်။ အနမတဂ္ဂေါ-မသိအပ်သော အစရှိ၏...(မှန်လှပါ)။

ဤခန္ဓာသံသရာကြီးသည် မသိအပ်သော အစရှိတယ်တဲ့... (မှန်ပါ့)၊ နောက်ပေါ်လာတယ်၊ "အဝိဇ္ဇာ နီဝရဏာ နံတဏှာ သံယောဇနာနံ"ဆိုတော့ အဝိဇ္ဇာ နီဝရဏာတို့ တဏှာသံယောဇဉ်တို့ဟာ အထည်အစ, အရင်းကျတဲ့သဘောနဲ့ မြတ်စွာဘုရား မိန့်တော်မူလိုက်တာကို မသိကြတဲ့ပုဂ္ဂိုလ်တွေက ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အထည်စ,ကို မသိဘူးဟေ့-ဆိုပြီး သကာလ ဘုရားကို

စွဲချက်တင်ချင်လည်း တင်နေကြတယ်၊ မြတ်စွာဘုရားဟာ အကုန်အစင်သိတယ်ဆိုပြီး သတ္တဝါအစ, မသိဘူးဟော့...(မှန်ပါ)၊ စွဲချက်ကြဲဖန်စွဲတာ၊ တရားလည်းအဆုံး သိတာမဟုတ်ဘူး...(မှန်ပါ)။

စင်စစ်တော့ဖြင့် ဥပမာမယ် ဦးမောင်ကလေး ခန္ဓာကိုယ်မှာ ဒီဘဝ ဦးမောင်ကလေးဖြစ်တယ်၊ နောက်ဘဝက ဘယ်သူမှန်းမသိဘူး၊ ဖြစ်တော့ဖြစ်တယ်၊ ဒီလိုလျှောက်လျှောက် နောက်ဆုတ်ပြီး တွေးလိုက်ရင် မဆုံးဘူး...(မှန်ပါ)၊ တွေးလို့ကော ဘာထူးဦးမှာတုန်း...(မထူးပါဘုရား)။

သို့သော် ဒီအထည်တွေဟာ ဘယ်ကစ,တယ်ဆိုတာတော့ ငါသိပါတယ်၊ ကဲ...အဝိဇ္ဇာတဏှာ လုပ်တာပါတဲ့...(မှန်လှပါ)၊ ဆိုတော့ အထည်စ,တွေပြောလို့၊ ကျေးဇူးမရှိလို့ မသိဘူးပြောတာ...(မှန်ပါ)၊ ဓမ္မအစတော့...(သိပါတယ်ဘုရား)။

အဲဒီလိုမှတ်ရမယ်တဲ့၊ ဒါကြောင့် မနေ့က ပဋိစ္စသမုပ္ပာဒ်ထဲမှာ အထည်စကို ဖော်တယ်နော်...(မှန်ပါ)။

**ဓမ္မအစတော့ သိတယ်**

ကောင်းပြီတဲ့၊ အထည်စ,ကိုတော့ သူ မသိ၊ ဓမ္မကိုတော့ သိသောကြောင့် အဝိဇ္ဇာ နီဝရဏဟာ သတ္တဝါတို့၏ ရှေ့သောက်မြစ်လို့ သူဟောတယ်...(မှန်ပါ)၊ ဒီလိုဆိုတော့ ဒကာ,ဒကာမတွေ ရှင်းသွားတယ်...(ရှင်းသွားပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာသည် သတ္တဝါအစလို့ မှတ်ကြစမ်းပါ...(မှန်ပါ)၊ အဝိဇ္ဇာနဲ့တဏှာသည်...(သတ္တဝါအစပါဘုရား)၊ သတ္တဝါအစလို့ မှတ်ထားလိုက်စမ်းပါ၊ သတ္တဝါအစ အဝိဇ္ဇာတဏှာကလို့ မှတ်ထားလိုက်လို့ရှိရင်တော့ဖြင့် ဘုရားပေါ်၌ စွဲချက်တင်စရာ

မလိုတော့ပါဘူး…(မှန်ပါ့)။

ကိုင်း…ဒါဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သတ္တဝါအစ ငါမမြင်ဘူးကွာ၊ အဝိဇ္ဇာနဲ့ တဏှာ နီဝရဏအစကို ငါမြင်တယ်လို့ ဆိုသဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မြင်ပုံက သာပြီး အရင်းကျတယ်လို့ မှတ်လိုက်တာပေါ့…(မှန်လှပါ)။

ဖြစ်ကြောင်းကိုသိတယ်…(မှန်ပါ့)၊ ဖြစ်ကျိုးကိုတော့ မဆုံးနိုင်လို့ မသိဘူး…(မှန်လှပါ)၊ သိလဲ ကျေးဇူးမရှိဘူး…(မှန်လှပါ)၊ အကြောင်းသတ်မှ အကျိုးပြတ်မယ်…(မှန်ပါ့)၊ အကြောင်းသတ်မှ အကျိုးပြတ်မှာ ဖြစ်ပြီးနေတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက အကြောင်းသိတဲ့ပုဂ္ဂိုလ်သာ လူစွမ်းကောင်း မှတ်ရုံပေါ့…(မှန်လှပါဘုရား)။

ကောင်းပြီ–သို့သော်–ဒါဖြင့်–တဲ့၊ မင်းတို့ သတ္တဝါအစကို ငါမသိဘူး ဆိုငြားသော်လဲ ဓမ္မအစကိုတော့ ငါသိတယ်လို့ ငါရှင်းပြီးပြီတဲ့…(မှန်ပါ့)။

ဤဓမ္မအစကို မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်များဟာ ငါ ဥပမာပြမယ်ကွာ–တဲ့၊ မဟာသမုဒ္ဒရာ လေးစင်းရေဆိုတာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ပါတယ်။ အဲဒါ ခန်းဖို့ခြောက်ဖို့ကို ငါမြင်ပါတယ်…(မှန်ပါ့)၊ အဝိဇ္ဇာတဏှာချုပ်အောင် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ် ခန္ဓာဒုက္ခဝဋ် ဘယ်တော့မှ မကျွတ်ပါဘူးတဲ့…(မှန်ပါ့)။

သမုဒ္ဒရာရေ ခန်းဖို့ခြောက်ဖို့ဟာ ကမ္ဘာပျက်ရင် သူမြင်တယ်တဲ့…(မှန်ပါ့)၊ အဝိဇ္ဇာ တဏှာ မချုပ်တဲ့ပုဂ္ဂိုလ်မှာ ခန္ဓာဇာတ် ရပ်သိမ်းလိမ့်မယ်လို့ မရှိဘူး…(မှန်ပါ့)၊ တယ်ကြောက်စရာကောင်းပါကလား…(ကောင်းပါတယ်ဘုရား)၊ ဒါဖြင့် အဝိဇ္ဇာ တဏှာဟာ ယနေ့ ကျုပ်တို့ ဖြတ်ရမှာ…(မှန်ပါ့)။

ပြီးတော့ကွာတဲ့၊ မြင်းမိုရ်တောင်ကြီးဟာ ရေထဲမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ အထက်မြင့်တာလဲ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ ဒါတွေ ပျောက်မှာ ပျက်မှာ ငါမြင်တယ်ကွတဲ့၊ အဝိဇ္ဇာတဏှာချုပ်အောင် မလုပ်နိုင်တဲ့ပုဂ္ဂိုလ် ခန္ဓာဝဋ်ဒုက္ခ ကျွတ်လိမ့်မယ်လို့ ငါမမြင်ဘူးတဲ့...(မှန်လှပါဘုရား)။

ဒီတော့ သိပ်ကြောက်စရာကောင်းပါလား...(ကောင်းပါတယ်ဘုရား)၊ သိပ်ကြောက်စရာကောင်းတယ်လို့ မှတ်ကြစမ်းပါ...(မှန်ပါ့)။

ပြီးတော့ မဟာပထဝီမြေကြီးဆိုတာကွာ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိတယ်...(မှန်ပါ့)၊ ကျယ်တာလဲ ပြောဖို့ရာ အဆုံးမရှိအောင်ကျယ်ပါတယ်...(မှန်ပါ့)၊ အဲဒါကြီးဟာ အကုန်ပျောက်ဖို့ ငါမြင်သေးတယ်တဲ့...(မှန်ပါ့)၊ အဝိဇ္ဇာတဏှာမချုပ်တဲ့ပုဂ္ဂိုလ်မှာ ဒီခန္ဓာကြီးထမ်းပြီး အိုဘေး၊ နာဘေး၊ သေဘေးနဲ့ လွတ်လိမ့်မယ်လို့ ငါ ဘယ်တော့မှ မမြင်ဘူးတဲ့...(မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ သြော်–လက်သည်အရင်းကျကျလဲ ဘုရားကဟောပြီး အလွန်ပဲကြောက်စရာကောင်းနေပြီ၊ ဒီအဝိဇ္ဇာတဏှာတော့ဖြင့် ချုပ်အောင်လုပ်မှပဲ ဆိုတဲ့စိတ်ကို မွေးကြပါ...(မှန်ပါ့)။

ဒီကလဲ အခု ဘုန်းကြီးနဲ့တွေ့နေတုန်း ဒီဒကာ,ဒကာမတွေ ဒီအကြောင်း ကြားရတာနော်...(မှန်လှပါ)၊ ကိုယ့်အိမ်ကိုယ့်ရာရောက်သွားပြီဆိုမှဖြင့် ကြားဖူးတဲ့ပုဂ္ဂိုလ်ကတော့ အင်း...ဆုံးအောင်လုပ်ဦးမှပဲဆိုတဲ့ စိတ်ရှိရမယ်၊ ဘာမှမကြားဖူးတဲ့ပုဂ္ဂိုလ်တွေကလဲ ဦးမောင်ကလေး အနန္တပဲ...(အနန္တပါဘုရား)။

အဲဒီတော့ ဘုရားတစ်ဆူတစ်ဆူပွင့်တာသည် လက်သည်းပေါ်

တင်တဲ့ မြေမှုန့်လောက်ပါတယ်...(မှန်ပါ့)၊ ကျန်တာတွေက မဟာပထဝီမြေကြီးနဲ့အမျှ သတ္တဝါတွေ ကျန်ရစ်တယ်...(မှန်ပါ့)၊ ဒီတော့ ကုန်နိုင်စရာရှိရဲ့လား...(မရှိပါဘုရား)၊ မကုန်နိုင်ဘူးတဲ့၊ ကျုပ်တို့ မုန့်ကလေးတစ်ခုဝင်ဝယ်ဗျာ၊ အပ်ဖျားကလေးနဲ့ ကော်စားနေရင် ခင်ဗျားတို့ ဘယ်တော့ကုန်မှာတုန်း...(ဘယ်တော့မှ မကုန်ပါ ဘုရား)။

ဒီလိုကော်ထုတ်သွားတယ်...(မှန်ပါ့)၊ ဒီလိုကော်ကော်ထုတ်သွားတဲ့အတွက် ကုန်စရာ၊ ကျွတ်စရာ မမြင်ဘူး ဆိုလို့ရှိရင် အခုလို ဆရာကောင်း သမားကောင်းနဲ့တွေ့၊ ကိုယ်ကလဲ ထောင်နိုင်တဲ့နား ရှိတယ်...(မှန်ပါ့)။

## ထောင်နိုင်တဲ့နား ရှိဖို့လို

ဒီထောင်နိုင်တဲ့နားဆိုတာက မောင်သစ်၊ အင်မတန်အရေးကြီးတယ်နော်...(ကြီးပါတယ်ဘုရား)၊ ဘုန်းကြီး အိန္ဒိယတစ်ခုလုံးသွားဟော ထောင်နိုင်တဲ့နားရှိတဲ့လူ တစ်ထောင်ပြည့်ဖို့ ခဲယဉ်းပါတယ်...(ခဲယဉ်းပါတယ်ဘုရား)၊ အမေရိကတိုက် သွားပြောရင် လုံးလုံးတွေ့မှာမဟုတ်ဘူး...(မှန်ပါ့)၊ မတွေ့ပေဘူး၊ ထောင်နိုင်တဲ့နားကို မတွေ့ဘူး...(မတွေ့ပါဘုရား)။

ကဲ–အခုကော ထောင်နိုင်တဲ့နား တွေ့တယ်၊ ဟောနိုင်တဲ့ဆရာနဲ့ တွေ့တုန်းကို ခင်ဗျားတို့မှာ အထိသုံးပါး ညီတယ်လို့ လောကီပြောတဲ့အတိုင်း ဦးမောင်ကလေး၊ ဓာတ်သိမ်းတာပဲ...(မှန်ပါ့)၊ ပေမနေနဲ့...(မှန်ပါ့)။

ပေမနေနဲ့၊ ခင်ဗျားတို့ ပေနေတာကတော့ ရွံ့ပြီးပေတာပါ၊ သူများလို မှုး, ရှုး, တေ, ရမ်း ပေတာမဟုတ်ဘူး...(မှန်ပါ့)၊

မအားတာနဲ့ ပေနေတာ...(မှန်ပါ)။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ခင်ဗျားတို့ပေပုံက သူများလို မူး၊ ရူး၊ တေပြီး မပေပါဘူး၊ ဒီ ဒကာ, ဒကာမတွေအတွက် ဒါတော့ မစိုးရိမ်ပါဘူး...(မှန်ပါ ဘုရား)။

ဒါတော့ မစိုးရိမ်ပါဘူး၊ မအားလို့ဆိုတဲ့ အလုပ်တစ်ခုနဲ့ ပေနေတာ ကြောက်စရာအကောင်းဆုံးပဲ...(မှန်ပါ)၊ ဟိုက သေရည် သေရက်ရူး...(မှန်ပါ)၊ ဒီဟာက ကာမဂုဏ်ရူး...(မှန်ပါ)၊ ဘယ် တော့ထူးလှမယ် မဟုတ်ပါဘူး...(မထူးပါဘုရား)။

အရူးချင်းတော့ အတူတူပဲ...(မှန်ပါ)၊ အတူတူပါပဲတဲ့၊ ဟိုက သေရည်သေရက်ရူး၊ ဒီက ပစ္စည်းရလိုတဲ့ လောဘနဲ့ရူး...(မှန်ပါ)၊ အဲဒါ မအားဘူးဆိုတာနဲ့ ဆင်ခြေလဲ...(မှန်ပါဘုရား)၊ ဆင်ခြေလဲ လိုက်တော့ သိပြီး မကျင့်နိုင်ပြန်လို့ရှိရင်လဲ ဆေးရှိ၍ မသောက်မိ သောကြောင့် ရောဂါမပျောက်ဖြစ်မှာပဲ...(မှန်ပါ)၊ မဟုတ်ဘူး လား...(မှန်ပါ)။

အဲဒါ ဦးမောင်ကလေးကလဲ ပြန်တော့မှာ၊ ဒကာကြီးကလဲ ပြန်တော့မှာဖြစ်နေတော့ ငါဘာရူးတာတုန်းကွလို့ ဒီလိုစဉ်းစားရ မယ်...(မှန်ပါ)၊ ဒါ မစဉ်းစားလို့ရှိရင် ဖြစ်ကိုမဖြစ်ဘူး...(မှန်ပါ)။

ဟိုကောင်တွေ မိုက်လိုက်တာ ရသရွေ့ သောက်ပစ်တာပဲလို့ သူများတော့ အပြစ်တင်တတ်ကြတယ်...(မှန်ပါ)၊ ငါလဲ ခန္ဓာ ကလေး ရသရွေ့ ကာမဂုဏ်နဲ့ ဖြုန်းပစ်လိုက်တာပဲ...(မှန်ပါ)၊ ဘာထူးသေးသတုန်း...။

အဲဒီလောက် အရပ်ဆိုးနေတာ၊ ဒါ့ကြောင့် ခင်ဗျားတို့သည် သူများအပြစ်ကို ကြည့်မယ်ကြံရင် ငါကော လွတ်ကဲ့လား ဆိုတာကို ဝေဖန်ကြည့်ပါ...(မှန်ပါ)၊ ဟိုဟာက လူမြင်မတော်

ရှုးတာ...(မှန်ပါ့)၊ ဒါက လူတိုင်းရှုးထဲ ဝင်လိုက်တာ...(မှန်ပါ့)၊ သဘောပါပလား...(ပါ,ပါပြီဘုရား)။

အံမလေး– ကိုယ့်ဟာကိုယ်တော့ ရှုးမှန်း တယ်သိခဲတယ်နော်...(မှန်ပါ့ဘုရား)၊ ကိုယ့်ဟာကိုယ် ရှုးမှန်း တယ်သိခဲတယ်၊ ကဲ–သဘောပါပြီ...(ပါ,ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဲဒီအရှုးနှိပ်စက်တာနဲ့ အချက်ကောင်း ပြုတ်ကုန်မှာစိုးရတယ်...(မှန်ပါ့)၊ အဝိဇ္ဇာတဏှာပြုတ်တဲ့ အလုပ်တော့လဲ ဘုန်းကြီးက ခန္ဓာရှုရင်ပြုတ်ပါတယ်...(မှန်ပါ့)၊ ခန္ဓာမှာ လက္ခဏာရေးသုံးပါး တစ်ပါးပါးသာ မြင်ပါစေ...(မှန်ပါ့)၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်လို့သာမြင်တာ၊ တဏှာတည်းဟူသော မှောင်ထုကြီးမရှိလို့သာ မြင်တာ...(မှန်ပါ့)၊ သို့မဟုတ်ရင် မြင်နိုင်စရာရှိရဲ့လား...(မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ အဲဒါကြောင့် ခင်ဗျားတို့သိပြီးတော့ နစ်နာမှာစိုးတယ်...(မှန်လှပါ)၊ နဂိုတုန်းကတော့ဖြင့် မသိနစ်နာ...(မှန်ပါ့)၊ အခုတော့ဖြင့်...(သိပြီးနစ်နာပါဘုရား)၊ အရုပ်တယ်ဆိုးပါကလား...(ဆိုးပါတယ်ဘုရား)။

**သိပြီး အပါယ်ရောက်**

အရုပ် တယ်ဆိုးတယ်နော်...(မှန်ပါ့)၊ လူတော့လှပါရဲ့ကွာ၊ အကျင့်က သိပ်တန်နေတယ်၊ သိပြီး အပါယ်ရောက်နေတယ်...(မှန်ပါ့)။

သူ ဗဟုသုတတော့ ရှိသားကွ၊ လူက မလုပ်ဘူး...(မှန်ပါ့)၊ ဆိုတော့ ဒါ ကောင်းသေးရဲ့လား...(မကောင်းပါဘုရား)၊ လူတော့လှပါရဲ့ အကျင့်က တန်တယ်ဆိုတာလိုပေါ့။

အဲဒါကိုလဲ ဉာဏ်နားနဲ့ထောင်ကြည့်တော့မှ ဩော်...တို့ ဟုတ်ပါလားဆိုတာ ပေါ်လာတယ်...(မှန်ပါ့)၊ မအားဘူးတဲ့ မောင်သစ်၊ ဘာအတွက် မအားတာတုံး၊ ဟာ–ဘုန်းကြီးတို့ ရှေ့တွင် မြင်သားပဲ...(မှန်ပါ့)၊ ဒါပြောတာကိုး...(မှန်လှပါဘုရား)၊ ရလိုမှု၊ ယူလိုမှုပဲ...(မှန်ပါ့)၊ စီးပွားတက်မှု မဟုတ်ဘူးလား... (မှန်ပါ့)။

ဒါက ဘယ်တော့မဆို မဆုံးနိုင်တဲ့အလုပ်ပဲ...(မှန်ပါ့)၊ ဒီဘဝ ဘယ်တော့ ပြီးမယ်လို့ရှိရဲ့လား...(မရှိပါဘုရား)၊ ခန္ဓာကသာ ပြတ်သွားတယ်၊ သူက မပြတ်ဘူး...(မှန်ပါ့)၊ တဏှာက မပြတ်ဘူး ...(မှန်ပါ့)၊ ခန္ဓာကတော့ဖြင့် အိုခြင်းဆိုး၊ နာခြင်းဆိုးနဲ့ ဗိုင်းခနဲ လဲသေလိုက်တယ်...(မှန်ပါ့)၊ တဏှာကတော့ဖြင့် နောက်ဘဝ ဆက်ခိုင်းလိုက်တယ်...(မှန်ပါ့)။

ဒီဘဝမှာတော့ဖြင့် မင်းသေပြီ၊ နောက်ဘဝခိုင်းဖို့ရာ ခိုင်းဖို့ရာ အထည်တစ်ခု မင်းဖြစ်ဦးမှာပဲ...ဖြစ်ရင် ငါခိုင်းဦးမှာပဲ...(မှန်ပါ့)၊ တဲဏှာက ဘယ်တော့မှမသေဘူး မောင်နိုင်...(မှန်ပါ့)၊ ဒါဖြင့် ခန္ဓာသေသရွေ့ တဏှာမသေမှုဟာလဲ အနုသယသဘောလို့ မှတ်လိုက်...(မှန်ပါ့)။

နို့..."သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ" သူချုပ်သွား တယ် မဟုတ်လား၊ ချုပ်သွားတယ်ကွ၊ အဲဒါ ပရိယုဋ္ဌာနသာ ချုပ်တာ အနုသယက မချုပ်ဘူး...(မှန်ပါ့)၊ ပရိယုဋ္ဌာန ထကြွလာ တာကိုသာ ခင်ဗျားတို့ ဝိပဿနာရှုလို့ရတာကိုး...(မှန်ပါ့ဘုရား)၊ အနုသယကျတော့ ...(မရပါဘုရား)။

ရှုလို့လဲမရဘူး၊ လူက ဘာလုပ်ဖို့ စောင့်နေတုန်းမေးတဲ့အခါ

ကျတော့ မင်္ဂနဲ့ မဖြတ်လို့ရှိရင် မင်းကို နောက်ဘဝခိုင်းဖို့ရာ ငါစောင့်နေတယ်လို့...(မှန်ပါ့ဘုရား)၊ မဆိုးရွားဘူးလား...(မှန်ပါ့ဘုရား)၊ ကိုင်း...ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနှစ်ခု မချုပ်လို့ရှိရင် မြင်းမိုရ်တောင် ပျောက်စရာမြင်တယ်၊ ဒီပုဂ္ဂိုလ်တွေ ဒုက္ခကုန်သွားလိမ့်မယ်လို့ ငါ မဟောရဲဘူးတဲ့...(မှန်ပါ့)၊ အဝိဇ္ဇာ တဏှာမချုပ်ရင်...(မှန်ပါ့)၊ ဒုက္ခသိမ်းဖို့ ငါမမြင်ဘူး...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ဒီ့ထက်ကြီးတဲ့တရား ရှိသေးရဲ့လား... (မရှိပါဘုရား)၊ စကားကတော့ ကြီးပါရဲ့၊ တပည့်တော်တို့က ဒါလောက်တော့ အပျော့ဆိုရင် အတော်ခက်တဲ့လူတွေဗျ။

ကိုင်း...ဒါဖြင့် ခင်ဗျားတို့ ဒါ ဘာကြောင့်တုံးလို့ မေးတဲ့အခါ ကျတော့ကိုတဲ့၊ အဝိဇ္ဇာနဲ့ တဏှာမချုပ်တာလဲ တခြားကြောင့် မဟုတ်ပါဘူးကွာ၊ ခန္ဓာကိုယ်ကို ငါ, ငါ့ဥစ္စာထင်နေလို့ အဝိဇ္ဇာ တဏှာကလဲ မချုပ်တာ...(မှန်ပါ့)၊ ဒါဖြင့် ဘုရားက တစ်ဖန် လက်သည်ပြန်ဖမ်းတော့ အဝိဇ္ဇာတဏှာကတော့ ရေသောက်မြစ် ဖြစ်တယ်ကွာတဲ့၊ အဝိဇ္ဇာတဏှာ ရေသောက်မြစ် ဖြစ်နေတာက ဘယ်သူ့ကြောင့် ဖြစ်ရတယ်ဆိုတာ အကြောင်းရှာပြန် တော့လဲ ခန္ဓာကိုယ်ကို ငါ, ငါ့ဥစ္စာစွဲနေလို့ အဝိဇ္ဇာတဏှာကလဲ မချုပ်တာ ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

ဘာစွဲနေတာတုံး...(ငါ-ငါ့ဥစ္စာစွဲနေပါတယ်ဘုရား)၊ အေး ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာစွဲနေတယ်...(မှန်ပါ့)၊ ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာစွဲနေတော့ အဝိဇ္ဇာတဏှာကလဲ မချုပ်နိုင်ဘူး...(မှန်ပါ့)၊ ဘာချုပ်မလဲတဲ့၊ ဒိဋ္ဌိတည်းဟူသော တရားက လွှမ်းမိုးနေတော့ အဝိဇ္ဇာတဏှာက ဒီထဲ၊ တဏှာကလဲ ဒိဋ္ဌိထဲ သဟဇာတအဖြစ် နဲ့ပါ၊ အဝိဇ္ဇာကလဲ သဟဇာတအဖြစ်နဲ့ပါ ပါနေတော့ သူတို့သုံးခု

ဟာ ဒိဋ္ဌိက ခေါင်းဆောင်ပြီးသကာလ ငါ–ငါ့ဥစ္စာလုပ်နေတော့ အဝိဇ္ဇာကလဲ မသိအောင် ဖုံးထားလို့ ဒိဋ္ဌိလုပ်တာ...(မှန်ပါ့ဘုရား)၊ တဏှာကလဲ သူလုပ်ထားတာကို အကြိုက်၊ ဒိဋ္ဌိလုပ်ထားတာကို အကြိုက်ပဲ...(မှန်ပါ့)၊ဒါ့ကြောင့် ဒိဋ္ဌိနဲ့ တဏှာကတော့ တွဲလျက်၊ အဝိဇ္ဇာကတော့ အထောက်အပံ့အဖြစ်နဲ့ ကူညီလျက်ပဲဆိုတာ တစ်ခါတည်း မှတ်ထားပါ...(မှန်လှပါ)။

**အဝိဇ္ဇာတဏှာက ခန္ဓာလုပ်တာ**

ကောင်းပြီတဲ့၊ ဒါဖြင့် ဒီအဝိဇ္ဇာတဏှာ မချုပ်လို့ရှိရင် ဘာဖြစ်မတုံးဆိုတော့ အဝိဇ္ဇာတဏှာဆိုတာ သင်္ခါရလဲ တဏှာပဲ... (မှန်ပါ့)၊ အဲဒါကြောင့် ခင်ဗျားတို့ မှတ်စရာက အဝိဇ္ဇာတဏှာသည် ခင်ဗျားတို့ကို ဘာလုပ်သတုန်းဆိုတော့ ခန္ဓာငါးပါးကိုလုပ်တယ်လို့ မှတ်ထားပါ...(မှန်ပါ့)။

ဝိဇ္ဇာတဏှာသည်...(ခန္ဓာငါးပါးလုပ်ပါတယ်ဘုရား)၊ ခန္ဓာငါးပါးလုပ်တယ်၊ ပဋိစ္စသမုပ္ပာဒ်လို သုံးတဲ့အခါကျတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ မှတ်ပါ... (မှန်ပါ့)။

ပဋိစ္စသမုပ္ပာဒ်လိုသုံးပြတော့...(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ)၊ ပေါင်းပြီးခေါ်လိုက်တော့ ခန္ဓာငါးပါး ...(မှန်ပါ့ဘုရား)၊ ဒါဖြင့် ဒီဥစ္စာကို အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရတို့က လုပ်တာပေါ့...(မှန်ပါ့)၊ အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရတို့က လုပ်ပြီး သကာလ နေပြန်တော့ ဒီခန္ဓာကြီးဟာ ပေါ်လာပြန်တယ်ဆိုတော့ သြော်...ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဒီခန္ဓာတွေ ဘယ် လောက်များတယ်ဆိုတာသာ သူမသိတာ၊ နောက် ဘယ်လောက်

ဖြစ်ခဲ့တယ်မသိဘူး...(မှန်ပါ့)၊ နောက်ဘယ်လောက်ဖြစ်ခဲ့တယ် မသိဘူး...(မှန်ပါ့)၊ အမြစ်ရှာလိုက်တော့လဲ သူပဲမပေါ်လာဘူး လား...(ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့တရားကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတော့ ပဋိစ္စသမုပ္ပာဒ်နည်းနဲ့ ငါးပါး၊ ခန္ဓာလို့ပြန်ဖွဲ့လိုက်ပြန်တော့လဲ ထိုနည်းတူ ငါးပါးပဲ ပြန်ဖြစ်ပါတယ်...(မှန်ပါ့)။

ခန္ဓာလို့ဖွဲ့လိုက်လဲ...(ငါးပါးပါပဲဘုရား)၊ ငါးပါးပဲပြန်ဖြစ် တယ်လို့ မှတ်ထားလိုက်တာပေါ့...(မှန်ပါ့)၊ သူ မချုပ်သရွေ့ ဒီခန္ဓာမချုပ်ဘူး...(မှန်ပါ့)၊ သဘောကျလား...( ကျပါပြီဘုရား)၊ ဒီခန္ဓာမချုပ်တော့ကို ဒီခန္ဓာသည် ရိုးရိုးမနေတော့ဘူး...(မှန်ပါ့)၊ သူက ရိုးရိုးမနေပြန်တော့ ဘာလုပ်ပြန်သတုံးဆို သူ့ထဲကနေပြီး အဝိဇ္ဇာ၊ တဏှာလာဦးမှာပဲ...(မှန်ပါ့)၊ မလာပေဘူးလား...(လာပါ တယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကို ဝေထားတယ်၊ အဲဒီ ပဋိစ္စသမုပ္ပာဒ် ကြည့်တော့ အဝိဇ္ဇာနဲ့ တဏှာလာပြန်တော့ကိုတဲ့ တဏှာဥပါဒါန် ကံတွေလဲ လာဦးမှာပဲ...(လာမှာပါဘုရား)၊ မလာပေဘူးလား... (လာပါတယ်ဘုရား)၊ ဒါဖြင့် ငါးပါးပဲပြန်ဖြစ်တယ်...(မှန်ပါ့)။

**ဖြစ်ကြောင်းငါးပါး ဖြစ်ကျိုးငါးပါး**

ဒါဖြင့် နောက်တုန်းကလဲ ဘုရားက ချုံးထားလို့ စင်စစ် ငါးပါးပဲမှတ်လိုက်...(မှန်ပါ့)၊ နောက်တုန်းကလဲ...(ငါးပါးပဲ)၊ အတိတ်ကလဲ ငါးပါးပဲ...(မှန်ပါ့)၊ အတိတ်ကဖြစ်ကြောင်း ငါးပါးပေါ့ဗျာ...(မှန်ပါ့)၊ ရှင်းပြီနော်...(ရှင်းပါပြီ)၊ ဖြစ်ကြောင်း

ငါးပါး၊ ဖြစ်ကျိုးငါးပါး...(မှန်ပါ့)၊ တစ်ခါ သူက ပေါက်ပွား တာကကော...(ငါးပါးပဲ)၊ ဖြစ်ကြောင်းငါးပါး...(မှန်ပါ့)၊ တစ်ခါ သူက လာပြန်တော့ကောဗျာ...(ဖြစ်ကျိုးငါးပါးပါဘုရား)၊ ဖြစ်ကျိုး ငါးပါး...(မှန်ပါ့)။

ဒါဖြင့် ဖြစ်ကြောင်းငါးပါးကြောင့် ဖြစ်ကျိုးငါးပါးလာတယ်၊ ဖြစ်ကျိုးငါးပါးက ပေါက်ပွားလာတာက...(ဖြစ်ကြောင်းငါးပါးပါ)၊ ဖြစ်ကြောင်းငါးပါးက ပေါက်ပွားတာကကော...(ဖြစ်ကျိုးငါးပါးပါ ဘုရား)၊

တစ်ခါ သူက ပေါက်ဦးမယ်၊ ဖြစ်ကျိုးငါးပါးက...(မှန်ပါ့ ပေါက်ဦးမှာပါ)၊ ဖြစ်ကျိုးငါးပါးက...(မှန်ပါ့ ဖြစ်ကြောင်းငါးပါး ပေါက်ဦးမှာပါ)၊ ပေါ်ပလား...(ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ပြောပြောနေကျစကား မီးခိုးမဆုံး မိုးမဆုံးပဲ...(မှန်ပါ့)၊ ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)၊ ဘာဖြစ် နေကြသတုံး...(မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေပါတယ်)၊ မီးခိုးမဆုံး မိုးမဆုံးပဲ ကြည့်လေ ဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက်တယ်... (မှန်ပါ့)၊ ဒီအပင်က ဒီအသီးကို သီးတယ်...(မှန်ပါ့)၊ ဒီအသီး ငါးသီးကြောင့် ဒီအပင်ကြီးပေါက်တယ်...(မှန်ပါ့)၊ ဒီအပင်ကြီးက ဒီအသီးငါးသီးပေါက်မှာပဲ...(မှန်ပါ့)၊ သဘောကျပလား...(မှန်ပါ့ ဘုရား)။

### ဖြစ်ကြောင်းကုန်လို့ ဘုရားဖြစ်

အဲဒီလောက် ခင်ဗျားတို့မှာတဲ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီး ငါမမြင်ဘူးကွတဲ့...(မှန်ပါ့)၊ ငါမမြင်ဘူးတဲ့၊ ဖြစ်ကြောင်း ငါးပါးကြောင့် ဖြစ်ကျိုးငါးပါး၊ ဒီလိုသာ လှည့်နေတာ၊ ငါမြင်

တော့ကို...တဲ့၊ မင်းတို့ ဒီအထဲမှာ ငါ သဗ္ဗညုတဉာဏ်နဲ့ မင်းတို့ကို ချွတ်ဖို့၊ ကျွတ်ဖို့ ငါကိုယ်တိုင်ကျွတ်လာတာကတော့ ဖြစ်ကြောင်း ငါးပါးသေလို့ ငါ ဘုရားဖြစ်လာတယ်...(မှန်ပါ့ဘုရား)၊ ရှင်းပလား ...(ရှင်းပါပြီ)။

ဒါဖြင့် ဒကာ, ဒကာမတွေ ဘာလုပ်ရမလဲ...(ဖြစ်ကြောင်း ငါးပါး ပယ်ရပါမယ်ဘုရား)၊ ဖြစ်ကြောင်းငါးပါး ပယ်ရမယ်... (မှန်ပါ့)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒါဝိုင်းလိုက်မယ်ဆိုရင် ဟိုအဝိုင်းကြီး သွားဖြစ်တယ်...(မှန်ပါ့)၊ ပေါ်ပြီနော်...(မှန်ပါ)။

ဒီကနေ ငါးခုပွားလိုက်လို့ရှိရင် ဒါလှည့်သွားမယ်...(လှည့် သွားပါတယ်ဘုရား)။

လှည့်သွားတော့...တဲ့၊ ကဲ...လှည့်နေရင် ကြာနေရှာမယ်၊ ဒီလောက်ရှိ ရိပ်မိပြီ...(မှန်ပါ့)။

ဒါ ဘယ့်နှယ်ကြောင့် ဒီဖြစ်ကြောင်းငါးပါး ဖြစ်ကျိုးငါးပါး ဖြစ်ကျိုးငါးပါး ပေါက်ပွားလာပြန်တယ် ပေါက်ပွားမှု ငါးခု ပေါက်ပွားမှုငါးခုကြောင့် အကြောင်းငါးပါးတစ်ခု ပေါ်ပြန်တယ်၊ ဖြစ်ကျိုးငါးပါးသည် တစ်ခါပေါက်ပွားလာမှု ငါးခုကို တစ်ခါ အသီးအပွင့်တွေနဲ့ ကြွေကျဦးမှာပဲ...(မှန်ပါ့)။

အင်း၊ ကြွေကျရင် ဒီအပင်မျိုးပဲ...(ပေါက်ဦးမှာပဲ)၊ ပေါက်ဦးမှာ ပဲဆိုတော့ အမြစ်ဖြတ်ဆေးမရသရွေ့ ကာလပတ်လုံး ဒကာ, ဒကာမတွေမှာ ဒုက္ခသမုဒယစက်ဟာ ရပ်မှာမဟုတ်ပါဘူး... (မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ ဘာစက်တုန်း...(ဒုက္ခ သမုဒယစက် မရပ်ပါဘုရား)၊ ဟောဒီငါးခု သမုဒယစက်... (မှန်ပါ့)၊ ဒီအကျိုးငါးခုက...(ဒုက္ခစက်ပါဘုရား)။

အကြောင်းငါးခုက…(သမုဒယစက်ပါဘုရား)၊ အကျိုးငါးခုက …(ဒုက္ခစက်ပါဘုရား)၊ အဲဒါပဲ အဝိုင်းကြီးပဲ လှည့်ထားတာ ဒါပဲပါတယ်…(မှန်ပါ့)၊ ရှင်းပလား…(ရှင်းပါပြီဘုရား)။

**ဝဋ်သုံးပါး**

ဝဋ်လို့ ပြောမယ်ဆိုလို့ရှိရင်လွယ်ပါတယ်၊အဝိဇ္ဇာနဲ့တဏှာက ကိလေသာဝဋ်၊ မဟုတ်ဘူးလား…(မှန်ပါ့)၊ ကံက ကမ္မဝဋ်… (မှန်ပါ့)၊ မဟုတ်ဘူးလား…၊ ကဲ…သင်္ခါရတွေက ကမ္မဝဋ်၊ ဒါက ဝိပါကဝဋ်…(မှန်ပါ့)။

ဒီအတိုင်းမနေဘူးလား…(နေပါတယ်ဘုရား)၊ ဝိပါကဝဋ်ထဲက ကိလေသာဝဋ်၊ ကမ္မဝဋ် သွားဦးမှာပဲ၊ မသွားပေဘူးလား… (သွားပါတယ်)၊ ကမ္မဝဋ်လာလို့ရှိရင် ဝိပါကဝဋ် လာမယ်… (မှန်ပါ့)။

ဝိပါကဝဋ်ထဲက ဘာဝဋ်နှစ်ခုလာဦးမလဲ၊ ကိလေသာဝဋ်ပါ၊ ကိလေသာဝဋ်ပြီးတော့ ကမ္မဝဋ် လာဦးမှာပဲ…(မှန်ပါ့ လာမှာပါ)၊ ကမ္မဝဋ်ပြီးတော့…(ဝိပါကဝဋ် လာပါမယ်)။

ရော…ခင်ဗျားတို့ဥစ္စာလဲ ခက်နေပကော…(မှန်ပါ့)၊ ဂျာအေး သူ့အမေရိက်ပါလို့ ဖြစ်နေပြီ…(မှန်ပါ့)၊ ဟင်…အဲဒီသီချင်းအတိုင်း နေမှာပဲ။

ကိုင်း…ဒကာ, ဒကာမတို့ ဘယ့်နှယ်လုပ်ကြမှာတုံးလို့ မေးတဲ့အခါ ကျုပ်တို့ ဉာဏ်စွမ်း၊ ကံစွမ်းနဲ့တော့ မောင်သစ်၊ ဘာမှလုပ်လို့ မတတ်နိုင်ဘူး…(မှန်ပါ့)၊ ဒါရိုးရာပဲ…(မှန်ပါ့)၊ မတတ်နိုင်ဘူး၊ သေမျိုးပဲ…(မှန်ပါ့ဘုရား)၊ ဒီမှာ လမ်းဆုံးနေတယ်၊

သေမျိုးသာရှိတယ်၊ သူ့မသေမျိုးကို စကားထဲ ထည့်ကို မပြောဘူး...(မှန်ပါဘုရား)၊ ဟင်...(မှန်ပါ့)။

**အလောင်းတော်ဓမ္မပါလ**

ခင်ဗျားတို့ဟာက ဘုရားအလောင်း ဓမ္မပါလဖြစ်တုန်းက လောက်တောင် မလိမ္မာသလို ဖြစ်နေတယ်...(မှန်ပါ့ဘုရား)။

ဓမ္မပါလကလေးကျတော့ တက္ကသိုလ်ပြည်သွားပြီး ပညာသင်တယ်၊ သူတို့ ဓမ္မပါလရွာကတော့ အိုရင် သေရတယ်၊ ငယ်ငယ် မသေရဘူး...(မှန်ပါ့ဘုရား)။

သူ တက္ကသိုလ်ပြည် ပညာသွားသင်တော့ တက္ကသိုလ်ဆရာကြီးရဲ့သားက သေရှာတယ်...(မှန်ပါ့)၊ သေတော့ သူတို့ တပည့် တွေက လိုက်ပို့ကြတယ်၊ ဖအေ မအေတွေကလဲ ငိုကြတယ်၊ သူတစ်ယောက်တည်းပဲ၊ ဆရာ့သား သေငြားသော်လဲ မငိုဘူး...(မှန်ပါ့)။

ဘာလို့မငိုသတုံး မေးတော့ သူတို့ဆီမှာ ထုံးစံမရှိလို့ မငိုဘူးတဲ့၊ သူတို့ဆီ ငယ်ငယ်သေတဲ့ထုံးစံ မရှိဘဲကိုး...(မှန်ပါ)၊ ကြီးမှသေတာကိုး။

ဒါနဲ့ တပည့်တွေက ပြောကြတယ်၊ မင်းကွာ ဆရာသမားလဲ အမိပြုနေသေးတယ်၊ ဆရာသမား ညာလက်ရုံး ပြုတ်သွားတဲ့ ဥစ္စာကို မင်းမို့ပဲ အောင့်ပြီး နေနိုင်ပါပေတယ် ဆိုတော့ သြော်... ကျုပ်တို့ဆီမှာ ထုံးစံမရှိဘူးတဲ့။

ထုံးစံမရှိတဲ့ဥစ္စာ ရှိသေးတယ်...(မှန်ပါ့)၊ ခင်ဗျားတို့က သေမျိုးထုံးစံပဲ ထုံးစံမရှိတာ မသိမှမသိဘဲ၊ ထုံးစံမရှိတာ ရှိသေးတယ်၊ သဘောကျပလား...(ကျပါပြီ)။

ထုံးစံမရှိတာကတော့ကို ခန္ဓာမပေါက်အောင် လုပ်လို့ရှိရင်ဖြင့် သေပေါက်သေဝ မရောက်ဘူးပေါ့...(မှန်ပါ့)၊ မဟုတ်ဘူးလား ...(မှန်ပါ့)။

ခန္ဓာမပေါက်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ...(သေပေါက်သေဝ မရောက်ပါဘုရား)၊ ကဲ...ဒါ ထုံးစံမလွတ်ဘူးလားဗျာ...(လွတ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဩော်...ဘယ်သူသေသတဲ့၊ ဒီအရွယ်ကွာ မထူးပါဘူး၊ တို့လဲ ဒီလမ်းသွားရမှာပဲ...(မှန်ပါ့)၊ သူတို့သွားတာလဲ ဒီလမ်း၊ တို့ကလဲ ဒီလမ်း၊ တို့က မွေးတာတွေကလဲ...(ဒီလမ်းပါပဲ)၊ ဒီလမ်းသာရှိတော့ ခင်ဗျားတို့ တစ်လမ်းသွားဖြစ်ပြီ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ခင်ဗျားတို့က သူများကိုတော့ ဩော်...တယ်မိုက်တဲ့အကောင်၊ တံငါလုပ်နေတယ်၊ တစ်လမ်းသွားပဲတဲ့၊ ခင်ဗျားတို့ကကော ဘယ့်နှယ်ဖြစ်နေသလဲ...(တစ်လမ်းသွားပါပဲ)၊ အတော်ကို ဆိုးနေတာ...(မှန်ပါ့)။

အဲဒီတော့ကို တစ်လမ်းသွားက သူ့သာ ခင်ဗျားတို့က အပါယ်တစ်လမ်းတည်းပြောလို့ အပါယ်တစ်လမ်းတည်းသွားတာ ခင်ဗျားတို့က လမ်းစုံသွားနေကြတယ်၊ မဟုတ်ဘူးလား...(မှန်ပါ့ဘုရား)။

လမ်းစုံသွားလဲ သေသေချာချာ စဉ်းစားကြည့်တော့ ဘယ်လမ်းမှလဲ အန္တရာယ်မကင်းပါဘူး...(မှန်ပါ့)၊ ကင်းရဲ့လား...(မကင်းပါဘုရား)။

နတ်ပြည်သွားလမ်းလဲ အိုဘေး၊ နာဘေးနဲ့ပဲ...(မှန်ပါ့)၊ မဟုတ်ဘူးလား၊ ဗြဟ္မာပြည်လမ်းသွားလဲ...(အိုဘေး၊ နာဘေး၊

သေဘောနဲ့ပါပဲ)။

သူ့တစ်လမ်းသွားကလဲ အိုဘေး၊ နာဘေး တွေ့တာပဲ... (မှန်ပါ့)၊ ခင်ဗျားတို့ လမ်းစုံသွားကတော့...(အိုဘေး၊ နာဘေး တွေ့တာပါပဲ)၊ ဒါဖြင့် လမ်းက ဖြတ်မှ ကောင်းမယ်...(မှန်ပါ့)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရိယာများ တော့ ခရီးလမ်း ဆုံးသွားပြီကွာတဲ့...(မှန်ပါ့)။

ဂတဒ္ဓိနော ဝိသောကဿ၊

ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

သဗ္ဗဂန္ထပ္ပ ဟီနဿ၊

ပရိဠာဟော နဝိဇ္ဇတိ။

ဓမ္မပဒ ပါဠိတော်မှာ...(မှန်ပါ့)၊ ရဟန္တာများကျတော့ကွာ ဒီ အဝိဇ္ဇာတဏှာ သတ်လိုက်တာ လမ်းဆုံးသွားပြီတဲ့...(မှန်ပါ့)၊ ခရီးသည်အဖြစ်မှ လွတ်ပြီ။

ခန္ဓာဝန်ထမ်းပြီး ဟိုနေရာ ထိုးလဲလိုက်၊ ခန္ဓာဝန်ထမ်းပြီး တိရစ္ဆာန်ဘုံ ထိုးလဲလိုက်...(မှန်ပါ့)၊ ခန္ဓာဝန်ထမ်းပြီး နတ်ရုပ်ကြီးနဲ့ ထိုးလဲလိုက်...(မှန်ပါ့)၊ ခန္ဓာဝန်ထမ်းပြီး ဗြဟ္မာရုပ်ကြီးနဲ့... (ထိုးလဲလိုက်ပါဘုရား)၊ ဘယ်လောက်ကြာပြီတုန်း...(မရေတွက်နိုင် ပါဘုရား)၊ မရေတွက်နိုင်တော့ ဘုန်းကြီးပြောတာကို ဦးမောင် ကလေးက မှတ်ထားဦး၊ မင်းတို့ မသာလည်ပြချင်သေးသလား မမေးသင့် မေးသင့်...(မေးသင့်ပါတယ်ဘုရား)၊ မေးသင့်တယ်တဲ့၊ ဒါကြောင့် ဘုန်းကြီးက ပုညာဘိ သင်္ခါရကို ကြောက်တာ၊ ဦးမာဒင် ရိပ်မိပလား...(မှန်လှပါဘုရား)။

အဝိဇ္ဇာ ပစ္စယာ ပုညာ ဘိသင်္ခါရာ အပုညာဘိ သင်္ခါရာ ဒီပုညာဘိသင်္ခါရကိုကြောက်တာ၊ ပုညက ကုသိုလ်ဗျာ...(မှန်ပါ့၊

ကုသိုလ်ပါဘုရား)။

ဒီဝဋ္ဋကုသိုလ် မကြောက်ရဘူးလား...(ကြောက်ရပါတယ်)၊ ဘာဖြစ်လို့တုံးဆိုလို့ရှိရင် မသာလည်ပြတဲ့ ကုသိုလ်ကိုးဗျ...(မှန်ပါ)၊ ဘာတဲ့တုံး...(မသာလည်ပြပါတယ်)၊ ဟာ...မသာဟာ ပြပွဲ မဟုတ်ဘူး၊ မင်းတို့ကသာ ပြပွဲထင်ပြီး ဆုတောင်းယူနေတာ ...(မှန်ပါ)၊ မသာဆိုတာ တံတွေး ထွေးတဲ့ပွဲ၊ အလှပြတဲ့ပွဲ မဟုတ်ဘူး...(မှန်ပါ)၊ မဟုတ်ဘူးလား...(မှန်ပါ)၊ မသာဆိုတာ ဘာတုံး..(ပြပွဲမဟုတ်ပါဘုရား)၊ တံတွေးထွေးတဲ့ပွဲ...(မှန်ပါ)၊ ခင်ဗျားတို့က ဘယ့်နှယ်တုံး...(ပြပွဲထင်နေပါတယ်)။

အတော်ခက်နေပါပြီ၊ မြွေကိုက်တတ်ပါတယ်ဆိုတာ ကိုက်တာ သွားကြည့်ဦးမယ်ဆိုသလို ဖြစ်နေပြီ...(မှန်ပါ)၊ ကလေးလိုဖြစ် နေတယ်၊ မြွေအလမ္ပာယ်ကြည့်ဖြစ်နေတယ်...(မှန်ပါ)။

ကဲ...ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့သည် ဘုရားသခင်ကိုယ်တော် မြတ်ကြီး လက်သည်ရှာလိုက်တော့ ပထမ ဒိဋ္ဌိသတ်ဖို့၊ ဒုတိယ အဝိဇ္ဇာတဏှာသတ်ဖို့...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပထမ...(ဒိဋ္ဌိသတ်ဖို့ပါ)၊ နောက်မှ...(အဝိဇ္ဇာတဏှာသတ်ရ ပါဦးမယ်)၊ ဒါက တစ်မျိုးဟောတယ်...(မှန်ပါ)၊ ဒါ ခန္ဓာဝဂ္ဂ သံယုတ်ပါဠိတော်မှာလာတဲ့ ပဋိစ္စသမုပ္ပာဒ်...(မှန်ပါ)၊ ပထမ ဘာသတ်ရမယ်...(ဒိဋ္ဌိသတ်ရပါမယ်)၊ နောက်မှ...(အဝိဇ္ဇာသတ်ရ ပါမယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာသတ်ရမယ်၊ ရေသောက်မြစ်တော့ မှန်ပါရဲ့၊ ရေသောက်မြစ် အားပေးတာက ရှိသေးတယ်တဲ့...(မှန်ပါ)၊ ရေသောက်မြစ်ကို ဒိဋ္ဌိက အားပေးတယ်...(မှန်ပါ)။

ကဲ...ဘယ်သူက အရင်းကျသတုံး...(ဒိဋ္ဌိက အရင်းကျပါတယ်

ဘုရား)၊ ဒိဋ္ဌိက အရင်းကျတယ်၊ ဒါကြောင့် ခုနင်က သမုဒ္ဒရာ ရေခန်းစရာ မြင်သေးတယ်၊ မြင်းမိုရ်တောင်ကြီး ပျောက်စရာ မြင်သေးတယ်၊ မင်းတို့ အဝိဇ္ဇာတဏှာမချုပ်လို့ရှိရင် ခန္ဓာဇာတ် မသိမ်းဘူး...(မှန်ပါ့)။

## ဒိဋ္ဌိအရင်သတ်

ဘယ့်နှယ်ကြောင့်တုံးလို့ မေးကြည့်တော့ တရားက သူပဲ အဖြေထွက်လာတယ်...(မှန်ပါ့)၊ 'ရူပံအတ္တတော သမနုပဿတိ' လို့ အဖြေထွက်လာတယ်၊ ရုပ်ကို ငါထင်နေလို့ကွတဲ့၊ ဒိဋ္ဌိ သတ်ရမယ်ပြောတာ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှေ့ထားသတ်...(မှန်ပါ့)၊ အဝိဇ္ဇာတဏှာကို... (နောက်ထားသတ်ရပါမယ်)၊ နောက်ထားသတ်ရမယ်၊ အဲဒီတော့ စချီလိုက်တော့ ဟုတ်ပါတယ်။ သတ္တဝါရေသောက်မြစ်ဟာ အဝိဇ္ဇာတဏှာပဲ။ ဒါ့ကြောင့် သူ မချုပ်သရွေ့ကာလပတ်လုံး သမုဒ္ဒရာမြင်းမိုရ်မြေကြီးသာ ပျောက်စရာမြင်သေးတယ်၊ ဘယ့်နှယ် ကြောင့်တုံးလို့ တစ်ခါ အကြောင်းထုတ်လာပြန်တော့ 'ရူပံ အတ္တတောသမနုဿတိ'တဲ့ ...(မှန်ပါ့)၊ ဝေဒနာ အတ္တတော သမနုဿတိတဲ့...(မှန်ပါ့)၊ ရုပ်ကိုငါထင် ဝေနာကို ငါထင်နေတာ က စ,တာပဲကွ...(မှန်ပါ့ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် ရုပ်ကိုငါထင်တာ၊ ဝေဒနာ ငါထင်တာဆိုလို့ရှိရင်ဖြင့် အတ္တဒိဋ္ဌိပဲ...(မှန်လှပါဘုရား)၊ သဘောကျပလား...(ကျပါပြီ ဘုရား)။

ဒါဖြင့် အတ္တဒိဋ္ဌိကို အနတ္တဒိဋ္ဌိဖြစ်မှ နေရာကျမယ်...(မှန်ပါ့ ဘုရား)၊ အတ္တဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ...(မှန်ပါ့)၊ အနတ္တဒိဋ္ဌိက သမ္မာဒိဋ္ဌိ

...(သမ္မာဒိဋ္ဌိပါ)၊ အနတ္တမြင်တဲ့ဒိဋ္ဌိကိုး...(မှန်ပါ့)။

ပဿတီတိဒိဋ္ဌိမြင်တာကိုဆိုတယ်...(မှန်ပါ့)၊ ဟိုကတော့ မိစ္ဆာပဿတီတိဒိဋ္ဌိ...(မှန်ပါ့)၊ သမ္မာပဿတီတိဒိဋ္ဌိ...(မှန်ပါ့)၊ ...(မှန်ပါ့)၊ အမြင်မှန်တဲ့ဒိဋ္ဌိက တစ်မျိုး၊ အမှားမြင်တဲ့...(ဒိဋ္ဌိက တစ်မျိုးပါဘုရား)။

ဒါဖြင့် အတ္တဒိဋ္ဌိကို အနတ္တဒိဋ္ဌိဖြစ်မှ ခင်ဗျားတို့ အဝိဇ္ဇာ တဏှာမကုန်ငြားသော်လဲ သောတာပန်တည်ပြီးတော့ အပါယ် လေးပါး လွတ်သွားမယ်..(မှန်ပါ့)၊ သူတည်ပြီးတော့မှ ခုနင်က တဏှာကို သတ်ရမယ်...(မှန်ပါ့)၊ အဝိဇ္ဇာကို...(သတ်ရပါမယ်)၊ သတ်ရမယ်ဆို သူက အထက်တန်းကျတဲ့လူတွေကိုးဗျ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတွေ၊ ယနေ့ ခန္ဓာဝဂ္ဂသံယုတ်မှာ မြင်းမိုရ် ဥပမာ၊ မြေကြီးဥပမာ၊ သမုဒ္ဒရာဥပမာ ပျောက်စရာ ကွယ်စရာ မြင်သေးတယ်၊ ဒီခန္ဓာ ပျောက်စရာ ကွယ်စရာ မထင်ဘူးဆိုတဲ့ နေရာဌာနမှာတော့ အတ္တဒိဋ္ဌိအရင်ဖြုတ်ပြီးတော့မှ အဝိဇ္ဇာနဲ့ တဏှာ နောက်ထားဖြုတ်ပါဆိုသောကြောင့် ခင်ဗျားတို့ သည် ဝိပဿနာနဲ့ ဖြစ်ပျက်အနတ္တကို မြင်အောင်ရှုဖို့ရာ ခင်ဗျား တို့အရေး...(မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အကျိုးငါးပါးက ဒါပစ္စုပ္ပန်ဘဝ...(မှန်ပါ့)၊ ပစ္စုပ္ပန်ဘဝထဲမှာက အနာဂတ်အကြောင်း ဆိုချင်ဆို၊ ပစ္စုပ္ပန် အကြောင်း ဆိုချင်ဆိုပေါ့ဗျာ အတူတူပဲ၊ အနာဂတ်အကြောင်းဆိုလဲ ဒါ့ကြောင့် ထွက်လာတာ ...(မှန်ပါ့)၊ ပစ္စုပ္ပန်ဒီခန္ဓာအကျိုးတရား ထွက်လာတယ်လို့ဆိုရင်လဲ ဟုတ်တာပဲ...(မှန်ပါ့)။

ပစ္စုပ္ပန်ခန္ဓာကြီးက နောက်ကြောင်းအတွက် ထွက်လာတယ်

...(မှန်ပါ့)၊ ပစ္စုပ္ပန်အကြောင်းထွက်လာတယ်၊ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)၊ ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ် အကျိုးဖြစ်တယ်၊ အတူတူပဲတဲ့...(မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒီလိုသိထားတဲ့အခါကျတော့ ဒီအကျိုးခန္ဓာငါးပါး အဝိဇ္ဇာသင်္ခါရရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်ဆိုတော့ ငါးခု၊ ဒါဟာ ကျုပ်တို့ မဂ်နဲ့ လှော်, ဖုတ်, ကြော်ပစ်လိုက်ရလို့ရှိရင် သူသွားမယ်...(မှန်ပါ့)၊ မဟုတ်ဘူးလား...(မှန်ပါ့)၊ မဂ်နဲ့လှော်, ဖုတ်ကြော်ပစ်လိုက်ရလို့ရှိရင်ဖြင့် အနာဂတ်အကြောင်း သွားမယ် ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

အနာဂတ်အကြောင်း မသေသရွေ့ကာလပတ်လုံး ကျုပ်တို့ သည် ဆက်လက်သွားဦးမည်ဆိုတာ မှတ်ရလိမ့်မည်...(မှန်ပါ့)၊ ဆက်လက်မသွားပေဘူးလား...(သွားပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ဒီလိုလုပ်ကြစို့၊ ပစ္စုပ္ပန်ခန္ဓာကြီးကို ကျုပ်တို့ ခင်ဗျားတို့ အမှန်သိဖို့ အရေးကြီးပါတယ်...(မှန်လှပါဘုရား)၊ ပစ္စုပ္ပန်ခန္ဓာကို...(အမှန်သိဖို့ အရေးကြီးပါတယ်)၊ ပစ္စုပ္ပန်ခန္ဓာကို မဂ္ဂင်ငါးပါးနဲ့ အမှန်သိဖို့ အရေးကြီးပါတယ်...(မှန်ပါ့)။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာ အမှန်သိဖို့ အရေးကြီးတော့ကို မဂ္ဂင် ရှစ်ပါးက ဘာများလုပ်သတုံး၊ မဂ္ဂင်ငါးပါးက ဘာများလုပ်သတုံး လို့ မေးတဲ့အခါကျတော့ သမ္မာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ အန်ထုတ်တယ် ကွ...(မှန်ပါ့)၊ သမ္မသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပကို အန်ထုတ်တယ်၊ မဟုတ်ဘူးလား...(မှန်ပါ့)၊ ဒါဖြင့် အသီးသီးအန်ထုတ်လိုက်တဲ့ အခါကျတော့ မိစ္ဆာမဂ္ဂင်ရှစ်ပါး ပြုတ်ပြီးတော့ သမ္မာမဂ္ဂင်ရောက် လာမှာပဲ...(မှန်ပါ့)၊ ဘယ့်နှယ်လုပ်ကြမယ်...(သမ္မာမဂ္ဂင်ဖြစ် အောင် လုပ်ကြရမယ်)၊ သမ္မာမဂ္ဂင်ဖြစ်အောင် လုပ်ကြရမယ်

...(မှန်ပါ့)၊ သမ္မာမဂ္ဂင်ဖြစ်အောင် ဘယ့်နှယ်လုပ်ကြမှာတုံးလို့ မေးတဲ့အခါကျတော့ ကလျာဏမိတ္တရှာပါ...(မှန်ပါ့)၊ ဒါကို ရှေးဦးစွာ ဖြစ်အောင်လုပ်ရမယ်...(မှန်ပါ့)၊ နော်...(မှန်ပါ့)၊ ဘာလုပ်ရမလဲ...(ကလျာဏမိတ္တ ရှေးဦးစွာ ရှာရပါမယ်ဘုရား)။

**ကလျာဏမိတ္တ ရှာပါ**

ကလျာဏမိတ္တ ရှာပါတဲ့၊ ဒီငါးခုဟာ မိစ္ဆာမဂ္ဂင်ကတော့ သေချာနေပြီ...(မှန်ပါ့)၊ သူ့ပဋိစ္စသမုပ္ပာဒ်အတိုင်းဆိုရင် မိစ္ဆာမဂ္ဂင်ပဲ...(မှန်ပါ့)၊ မဟုတ်ဘူးလား...(ဟုတ်ပါတယ်)၊ သူ့ပဋိစ္စသမုပ္ပာဒ်အတိုင်းဆိုရင် အနာဂတ်အကျိုးငါးပါးဆိုလဲ ဟုတ်၏။ မိစ္ဆာတရားတွေဆိုရင်ကော...(ဟုတ်ပါတယ်ဘုရား)။

ဟုတ်တာပဲတဲ့၊ ဒါဖြင့် ဒါကို သမ္မာဖြစ်အောင်လုပ်ဖို့ဆိုတော့ ဘုရားမပွင့်ရင်တော့ သမ္မာမဖြစ်နိုင်ဘူး...(မှန်ပါ့)၊ ဘုရား၏ တပည့်သားနဲ့ မပေါင်းသင်းရင်တော့...(သမ္မာမဖြစ်နိုင်ပါဘုရား)၊ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ ဘုရားမပွင့်ရင်လဲ သမ္မာမဖြစ်နိုင်ပါဘူး၊ ဘုရား၏ တပည့်သားများနဲ့... (မပေါင်းသင်းရင်ကော မဖြစ်နိုင်ပါဘုရား)၊ သမ္မာမဖြစ်နိုင်တော့ ခင်ဗျားတို့ ခု တပည့်သားတွေနဲ့ ပေါင်းသင်းနေကြတယ်...(မှန်ပါ့)၊ ပေါင်းသင်းနေတော့ ခင်ဗျားတို့သည် သမ္မာတော့ဖြစ်နေပြီ...(မှန်ပါ့ဘုရား)၊ သမ္မာတော့ ဖြစ်နေပြီတဲ့၊ သမ္မာဒိဋ္ဌိတော့ ဖြစ်နေပြီ၊ နို့ ဖြစ်ပါလျက်သားနဲ့ တပည့်တော် ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ခွင့်မလွှတ်သေးသတုံးလို့...(မှန်ပါ့)၊ လုပ်ပါဦးလို့ ဒုတိယတိုက်တွန်းချက်ကို ဘယ့်နှယ်ကြောင့်ပေးနေရသတုံးဆိုတော့ ဒကာ,ဒကာမတို့ ဒီသမ္မာဒိဋ္ဌိကလဲ နသေးလို့ပါ...(မှန်လှပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)။

နေသေးလို့...(မှန်ပါ့)၊ နတော့ ခင်ဗျားတို့ ဘာဖြစ်သလဲ နတော့ ပုပ်သွားမယ်...(ပုပ်သွားပါမယ်ဘုရား)၊ ရိပ်မိပလား... (ရိပ်မိပါပြီ)၊ နောက်က ဒကာ, ဒကာမတွေ ဘာဖြစ်နေတုံး... (နတော့ ပုပ်သွားပါတယ်ဘုရား)၊ ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ နတယ်ကွ...(မှန်ပါ့)။

ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ မောင်သစ်...(နပါတယ်ဘုရား)၊ အာရုံကြမ်းနဲ့ လိုက်လာရင်...(ပုပ်သွားပါမယ်)၊ ပုပ်သွားပါမယ်၊ သဘောကျပလား...(ကျပါပြီ)၊ မဂ်သမ္မာဒိဋ္ဌိကျတော့ သမ္ဗတ္တနိယတာမွှာ မဖောက်မပြန်ဘဲနဲ့ မြဲသွားတော့ ဘုန်းကြီးလဲ ကဲသွားချင်တဲ့ဆီသွားတော့...(မှန်ပါ့ဘုရား)၊ အခုဟာက နသေးတာကိုး...(မှန်ပါ့ဘုရား)။

နနေသေးတော့ရော ဟိုမှာ နေထိ လေထိမှ မခံသေးပါကလား ...(မှန်ပါ့)၊ မစိုးရိမ်ရဘူးလား...(စိုးရိမ်ရပါတယ်ဘုရား)၊ လေထိ နေထိမခံတဲ့အဖြစ်ကလဲ သိပ်ကြောက်စရာကောင်းတယ်... (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဆင်ခြေလဲပြီးသကာလဟာ လေထိ, နေထိမခံပေမယ့် တပည့်တော်တို့သည်ကား တပည့်တော်တို့ အကြောင်း တပည့်တော်တို့မှသိတာဆိုပြီး ဦးမောင်လေးကလဲ ဒီအတိုင်းပဲ ပြန်ရမှာပေါ့ဗျာ...(မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီ)၊ ဦးမာဒင်ကကော...(ပြန်ရမှာပါ)၊ ဒီအတိုင်းပဲ ပြန်ရမှာပဲ၊ လေထိ, နေထိမှ မခံဘဲကိုးဗျ...(မှန်ပါ့)။

ဒီ လေထိ, နေထိမခံတဲ့ သတ္တိကလဲ ဘာကြောင့်တုံးလို့ မေးရင် ခုနက ပြောတဲ့စကားအတိုင်း မောင်သစ် ပြန်ဖြစ်တယ်၊ နနေသေးလို့...(မှန်ပါ့)။

အဲဒီတော့ နေနေတဲ့ဥစ္စာကို ခင်ဗျားတို့သည်ကားလို့ဆိုရင် ဘာလုပ်ရမှာတုံးဆိုရင် မှန်မှန်သွားရင် ရင့်မှာပဲ...(မှန်ပါ)၊ မှန်မှန်သွားရင်...(ရင့်မှာပါပဲဘုရား)။

## ဒါနဲ့နေ၊ ဒါနဲ့သေပါ

အဲဒီတော့ သွားမှုအလုပ်ကိုဖြင့် ဝတ်ထားကြပါ...(မှန်ပါ)၊ သွားမှုအလုပ်ကို...(ဝတ်ထားကြပါ)၊ ဒါဖြင့် သေလဲ ဒါနဲ့သေ၊ ဒီအချိန်နဲ့ ဒီအချိန်လဲ ဒါနဲ့နေမယ်၊ ဒီဝတ်ကို မပျက်စေနဲ့...(မှန်ပါ)။

ဒီဝတ်ပျက်သွားလို့ရှိရင် နပြီးပုပ်သွားမှာပဲ...(မှန်ပါ)၊ ပုပ်သွားလို့ရှိရင် ဘာဖြစ်မတုံး ဆိုလို့ရှိရင် ဒီငါးပါးက ခုနင်က ဒီခန္ဓာက ပေါက်ပွားတယ်၊ ခုနင်က ဒီငါးပါး ပြန်လာတယ်...(ပြန်လာပါတယ်)၊ မလာပေဘူးလား...(လာပါတယ်)၊ အဝိဇ္ဇာသင်္ခါရ ဟုတ်လား၊ တဏှာဥပါဒါန်ကမ္မဘဝ ဒီပြန်လာတယ်...(လာပါတယ်)၊ မလာပေဘူးလား...(လာပါတယ်)၊ ဘာဖြစ်လို့တုံး ဟိုဟာ ပုပ်သွားလို့...(မှန်ပါ၊ ပုပ်သွားလို့ပါ)၊ ပုပ်သွားရင် လာမှာပဲ။

ရင့်သွားလို့ရှိရင်တော့ "သမ္မတ္တနိယတာမဂ္ဂ" လို့ မဂ္ဂသင်္ဂဟ မှာ ဘုရားက မဖောက်ပြန်တော့ဘူးကွ၊ မြဲပြီတဲ့...(မှန်ပါ)။

ဟိုဘက် တစ်ခါကူးပြီးလို့ရှိရင်...(မြဲပြီ)၊ မကူးသေးလို့ရှိရင်...(မမြဲသေးပါ)၊ နသေးတယ်...(မှန်ပါ)၊ နရင်ဘာတုံး...(ပုပ်မှာပါဘုရား)၊ လေထိမခံ နေထိမခံ...(မှန်ပါ)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ခင်ဗျားတို့နေရမှာက လေထဲနေထဲ နေရမှာ...(မှန်ပါဘုရား)။

လောကဓံ လေထဲမှာ လောကဓံနေထဲမှာ နေရမှာပဲဆိုတော့ ကွာ တရား ငါသိပါရဲ့တဲ့ကိစ္စက မင်းတို့မြင်တဲ့အတိုင်း အလွန်ကြီး နေတာကွ ဆိုလို့ရှိရင် ပုပ်တော့မလို့၊ တကယ်ကြောက်စရာ

ကောင်းတယ်...(မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ကတော့ အဲဒီအပုပ်ဘက်ကတော့ သန်နေကျဖြစ်နေတယ်...(မှန်ပါ့)။

မောင်သစ်၊ ဘယ့်နှယ်တုံး...(အပုပ်ဘက်က သန်ပါတယ်)၊ အပုပ်ဘက်ကတော့ အားများနေကြတယ်...(အားများနေပါတယ်)၊ မဟုတ်ဘူးလား...(မှန်ပါ့)၊ ရင့်ကျက်ဖို့ဘက်ကတော့...(အားနည်းနေပါတယ်ဘုရား)။

အားက အတော်နည်းနေတယ်၊ အခုမှစ,ရတာကိုး...(မှန်ပါ့)၊ ကိုင်းဒါဖြင့် ကိုယ်ရထားတဲ့ ပါရမီရင့်,မရင့်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဘာမှ ဒိုပြင်ဟာ တွေးမနေနဲ့...(မှန်ပါ့)၊ ပါရမီရင့်,မရင့်ဆိုတာ မဂ်ရင့်,မရင့်ကိုဆိုတာ...(မှန်ပါ့ဘုရား)၊ ခင်ဗျားတို့အတွက်က မဂ်ရင့်ဖို့လိုတယ်...(မှန်ပါ့ဘုရား)။

အဲဒီတော့ကို သူက အနိယတာခမ္မာ...(မှန်ပါ့)၊ ဝိပဿနာက အနိယတာခမ္မာ...(မှန်ပါ့)၊ မမြဲသေးဘူးကွတဲ့...(မှန်ပါ့)၊ မဂ်ကျတော့ သမ္မတ္တနိယတာခမ္မာ၊ မဖောက်ပြန်ဘဲနဲ့ မြဲပြီကွာတဲ့... (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ လူမမာကို ဆရာဝန် လက်လွှတ်သွားတဲ့အခါ ကျလို့ရှိရင်ဖြင့်တဲ့ ရေလဲချိုးတော့ဗျာ စားချင်တာလဲ စားတော့ဗျာ...(မှန်ပါ့)၊ ဒီလိုဆိုတော့ ဆရာဝန်က သူ ကောင်းကောင်း စိတ်ချလို့ ဘယ်လိုပြဒါးချိန်ထိုးထိုး၊ မဟုတ်ဘူးလား...(မှန်ပါ့)၊ ဒီဂရီ ကိုးဆယ်ရှစ်နဲ့ခြောက်မှတ်ဆိုရင် သူ လုံလောက်လို့ ခင်ဗျားတို့က ဒီကိုးဆယ့်ရှစ်ကို မရှိသေးဘူးဗျ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ရိပ်မိတော့ အင်း...ငါ့လူတွေ ပြန်များ ဖျားနေဦးမလား၊ မောင်သစ်၊ မစိုးရိမ်ရဘူးလား...(စိုးရိမ်ရပါတယ်ဘုရား)၊ အဲဒါ

သွားကာနီးမို့ ပြောနေတယ်လို့ အောက်မေ့မနေနဲ့၊ လွှတ်ကို မလွှတ်ရသေးလို့ပြောတာ...(မှန်ပါ့)၊ လွှတ်ကို မလွှတ်ရသေးဘူး...(မှန်ပါ့)။

ကဲ...ဒါဖြင့် ဒီတရားပြန်မလာလို့ရှိရင် ကျုပ်တို့ ခင်ဗျားတို့မှာ နောက်ထပ်ပြီး ဒီအပင် မပေါက်တာပေါ့ဗျာ...(မှန်ပါ့)၊ အနာဂတ်ခန္ဓာပင်ကြီး...(မပေါက်ရပါဘုရား)။

ဒီတရား ပြန်လာလို့ရှိရင် မပေါက်ပါနဲ့ဆိုလို့ မရဘူး။ သူက ဓမ္မနိယတတာလို့ ဘုရားက သေသေချာချာဟောတယ်၊ ဒါဓမ္မနိယာမကွတဲ့...(မှန်ပါ့)၊ သူတို့သာပြန်လာရင် ဒီခန္ဓာပင်ပေါက်မယ်...(မှန်ပါ့)၊ အနာဂတ်ခန္ဓာပင်...(ပေါက်ပါမယ်)။

ငါမရှိလဲ ပေါက်မှာပဲ၊ ငါရှိလဲ ပေါက်မှာပဲ၊ သဘောကျပလား ...(ကျပါပြီ)။

ဒါဖြင့် ဒီငါးခုကို ခင်ဗျားတို့က မဂ်ရင့်အောင် ဒီငါးခုကို ဖြတ်နော်...(မှန်ပါ့)၊ ဒီငါးခုကိုဖြတ်ပြီး ဒီငါးခု ရင့်အောင် လုပ်ရမယ်...(မှန်ပါ့)၊ ဒီငါးခုရင့်ရင် ရှစ်ဖြစ်မယ်...(မှန်ပါ့)။

ဒီငါးခုရင့်ရင်...(ရှစ်ဖြစ်ပါမယ်)၊ ရှစ်ဖြစ်မှာပဲဆိုတော့ ငါးနဲ့ ရှစ်ဟာ သိပ်ဝေးသလားလို့မေးရင် ဦးမောင်ကလေး ဘယ့်နှယ် ဖြေမယ်...(မဝေးပါဘုရား)။

ဟာ...ဒါ လူတိုင်းမဟုတ်ဘူး...(မှန်ပါ့)၊ လုပ်တဲ့လူမှာတော့ဖြင့် မဝေးပါဘူးနော်...(မှန်ပါ့)၊ မလုပ်တဲ့လူမှာတော့၊ ငါးတောင် ပျောက်တယ်...(ပျောက်ပါတယ်)၊ မလုပ်တဲ့လူမှာ ဘယ့်နှယ်ဖြစ်နေသလဲ...(ငါးတောင် ပျောက်ပါတယ်)၊ ငါးတောင် ပျောက်လို့ ရှိရင်ဖြင့် ငါးပျောက်ရင် ငါးပေါ်မှာပဲ...(မှန်ပါ့)။

ဒါ ခင်ဗျားတို့ ဟိုပဋိစ္စသမုပ္ပါဒ်အတိုင်းပဲ...(မှန်ပါ့)၊ ဦးမာဒင်

က ပဋိစ္စသမုပ္ပါဒ်တော့ ကုသိုလ်လုပ်တယ်...(မှန်ပါ)၊ ဘာဖြစ်လို့ ကုသိုလ်လုပ်တာတုံး တပည့်တော်တို့ ဒီလိုပဲ ငါးပျောက်ရင် ငါးရောက်အောင်လုပ်တာ။

**ဆက်ကြောင်းငါး**

ဒီငါးပျောက်လို့ရှိရင်ဖြင့် အင်မတန်ကောင်းပါမယ်...(မှန်ပါ)၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံဆိုတော့ ငါးမနေဘူး လား...(မှန်ပါ)။

**ပြတ်ကြောင်းငါး**

အဲဒီငါးပျောက်ပြီးသကာလ ဒီငါးရောက်မှသာလျှင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ ဒီငါးမရောက်သရွေ့ ကာလပတ်လုံး ခင်ဗျားတို့မှာဖြင့် ဩော်... အနာဂတ်အကြောင်းငါးပါ၊ ရောက်ပြီးသကာလ ဟုတ်လား၊ ဒုက္ခပြတ်ကြောင်းငါး မရောက်ပါလား...(မှန်ပါ)။

ဒုက္ခပြတ်ကြောင်းငါး ရောက်ဖို့ အရေးကြီးတယ်...(ကြီးပါ တယ်ဘုရား)၊ အနာဂတ်အကြောင်းငါး ရောက်ဖို့...(အရေးမကြီး ပါဘုရား)။

ဒါက ခင်ဗျားတို့ဟာ အိပ်နေရင်းရောက်တာပဲ၊ အိပ်နေရင်း ရောက်တာကွ...(မှန်ပါ)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဒါဖြင့် ဆရာမှာလိုက်တာ ရိပ်မိပလား...(မှန်ပါ)၊ အင်း... ပြတ်ကြောင်းငါး တော့ဖြင့် ရောက်စေချင်တယ်...(မှန်ပါ)၊ ဆက်ကြောင်းငါးကို...(မရောက်စေချင်ပါ)။

ဒါ ကိုယ့်ဟာကိုယ် နဖူးပေါ်လက်တင်စဉ်းစား...(မှန်ပါ)၊

ဖြတ်ကြောင်းငါး ဘယ်လောက်ရောက်ပါလိမ့်၊ ဆက်ကြောင်းငါး က ဘယ်လောက်ပါလိမ့် ဟင်း...(မှန်ပါ့)၊ ဒီဘက်က တောထမှာ စိုးရတယ်...(မှန်ပါ့)။

**ကိလေသာမိုးရွေ**

ဆက်ကြောင်းငါးက...(တောထမှာစိုးရတယ်)၊ တောထမှာ စိုးရတယ်၊ ဘာဖြစ်လို့ တောထမှာစိုးရသတုံးဆိုတော့ ဟိုမှာ ကိလေသာမိုးက ရွေတယ်ကွ...(မှန်ပါ့ဘုရား)၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

မောင်သစ် ဘာဖြစ်လို့ တောထမှာစိုးရသတုံး...(ကိလေသာမိုး ရွေမှာစိုးလို့ပါ ဘုရား)၊

ဩော်...ခင်ဗျားတို့ အဲဒီမသွားပါနဲ့ဆိုလို့ မရဘူး...(မှန်ပါ့၊ မရပါဘုရား)၊ ကိလေသာမိုး ရွေတဲ့နေရာမှာ ခင်ဗျားတို့က တယ်အပင်သန်ချင်တာကိုး...(မှန်ပါ့)။၊ သဘောပါကြရဲ့လား... (ပါ,ပါတယ်ဘုရား)။

ဒါ ရယ်စရာပြောနေတာမဟုတ်ပါဘူး...(မှန်ပါ့)၊ ခင်ဗျားတို့ သွားမှာက ကိလေသာမိုးရွေမည့်နေရာ သွားမယ်...(မှန်ပါ့)၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီဆက်ကြောင်းငါးကလဲ သူသန်လာမှာပဲ...(မှန်ပါ့)၊ မသန်ပေဘူးလား...(သန်ပါတယ်ဘုရား)၊ သန်ရင် အနာဂတ်အပင် က (ပေါက်မှာပါဘုရား)၊ ဘာပင်ပေါက်မယ်လို့ မဆိုနိုင်ဘူးဗျ ဟင်...(မှန်ပါ့)၊ ခြေလေးချောင်းပေါက်မလား၊ ကင်းခြေများပဲ ပေါက်လာမလား မပြောတတ်ဘူး၊ ပေါက်ချင်တာပေါက်မယ်... (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ပြတ်ကြောင်းငါးရင့်ရင် ရှစ်ဖြစ်မယ်... (မှန်ပါ)၊ ရှစ်ဖြစ်မယ်နော်...(မှန်ပါ)၊ ဆက်ကြောင်းငါးသာ ပေါက်လို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဘယ်သူကယ်လို့မှ မရဘူး ...(မှန်ပါဘုရား)၊ ဘုရားပွင့်မှာက နောက်မြေကြီး ၁၃ မိုင် တက်ရဦးမယ်...(မှန်ပါ)၊ ကယ်မည့်သူ တွေ့ပါဦးမလား... (မတွေ့ပါဘုရား)၊ အခုဟာ တွေ့တာပဲ...(မှန်ပါ)။

## ပြတ်ကြောင်းရင့်အောင်လုပ်

အဲဒီတော့ တို့ဆရာဘုန်းကြီးက အရေးတကြီး ပြောဆိုတာ ယနေ့မှတ်ပါ...(မှန်ပါ)၊ ပြတ်ကြောင်းငါးကိုဖြင့် သြော်...ရင့် အောင်လုပ်ရလိမ့်မယ်...(မှန်ပါ)၊ ရင့်ရင် ရှစ်ဖြစ်တယ်...(မှန်ပါ)။

ဖြစ်ကြောင်းငါးကတော့ဖြင့် အိပ်နေလဲဖြစ်တယ်...(မှန်ပါ)၊ ဘာ့ကြောင့်တုန်းဆိုတော့ ငါတို့ ကိလေသာမိုး ရွာတဲ့နေရာမှာ နေမိပြီ...(မှန်ပါ)၊ ဒါ မျိုးစေ့ငါးခုပဲ၊ ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ဒါဘာတုံး...(မျိုးစေ့ငါးခုပါဘုရား)၊ မျိုးစေ့ငါးခုဆိုတော့ အဝိဇ္ဇာလဲပါရမယ်...(မှန်ပါ)၊ တဏှာကော...(ပါ,ပါတယ်)၊ ကံလဲ ပါမယ်၊ တဏှာကော...(ပါ,ပါမယ်)၊ ဥပါဒါန်ကော...(ပါ,ပါ မယ်)၊ ဒီဟာတွေ သန်နေသရွေ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက အဆိပ်မျိုးပဲ၊ အဆိပ်ပင်ကြီး၊ ငါးဖြစ်သန်လေလေ အဆိပ်ပင် ကြီးထွားလေလေ ဖြစ်မှာပဲ...(မှန်ပါ)၊ ထွားလေလေ ခင်ဗျားတို့ ဒီအဆိပ်ပင်က ဒီအဆိပ်သီး သီးဦးမှာ...(မှန်ပါ)၊ ဒီငါးသီး ထပ်မသီးပေဘူးလား...(သီးပါတယ်)၊ သီးလို့ရှိရင် ဒီအပင်ဟာ သူ့အသီးက သူ့သတ်ဦးမယ်...(မှန်ပါ)၊ နောက်ပေါက်

တဲ့အပင်ကလဲ သူပဲ သတ်မှာပဲ...(မှန်ပါ)၊ သဘောပါပြီလား... (ပါ,ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဦးမာဒင်၊ ဘာမှာသတုံး၊ ငါးနှစ်ခုလဲဖို့ အရေးကြီးတယ်...(မှန်လှပါဘုရား)၊ ဆက်ကြောင်းငါးကိုဖြတ် ပြတ်ကြောင်းငါးကို သွင်းရမယ်...(ရှုရပါမယ်)၊ ပြတ်ကြောင်းငါး ကိုသွင်းရမယ်...(သွင်းရပါမယ်ဘုရား)။

ဒီနေရာပဲ...(မှန်ပါ)၊ နေရာတော့တစ်နေရာတည်းပဲ...(မှန်ပါ)၊ ကြည့်...ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်ခန္ဓာကြီးထဲမှာ ဆက်ကြောင်း ငါးကလဲ မောင်ချစ်စိန်ဒါပဲ...(မှန်ပါ)၊ ပြတ်ကြောင်းငါးကို သွင်းပြန်လဲ ဒီကြားပဲ...(မှန်ပါ)။

နေရာတော့ ဘုန်းကြီးက ဒီနေရာပဲဆိုတာတော့ သတိပေး လိုက်တယ်...(မှန်ပါ)၊ ဒီနေရာကနေပြီး ဆက်ကြောင်းငါး အသစ် လုပ်လဲရတာပဲ...(ရပါတယ်)၊ ပြတ်ကြောင်းငါးလုပ်လဲ...(ရပါ တယ်ဘုရား)။

အဲဒါ ခင်ဗျားတို့သည် ဆက်ကြောင်းငါးလုပ်မိလို့ရှိရင်ဖြင့် အိုဘေး, နာဘေး, သေဘေးဆိုတဲ့ အပင်ကြီး ပေါက်တော့မယ် ...(ပေါက်ပါမယ်ဘုရား)၊ မပေါက်ပေဘူးလား...(ပေါက်ပါတယ် ဘုရား)။

ပြတ်ကြောင်းငါးကို လုပ်လိုက်လို့ရှိရင် အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ အပင်ကြီးဟာဖြင့် ပြတ်ထွက်သွားမယ်...(ပြတ် ထွက်သွားပါမယ်ဘုရား)၊ မသွားပေဘူးလား...(သွားပါတယ် ဘုရား)။

မဂ္ဂင်ငါးပါးသွင်းပါ

အဲဒီတော့ကို ကိုယ့်ကိုယ်ကို နောက်ထပ် မသေချင်ဘူး၊ တကယ်သနားပါတယ်ဆိုလို့ရှိရင်ဖြင့် ဒီငါးနေရာမှာ ဒီငါးကို သွင်း...(မှန်ပါ့ဘုရား)၊ မဂ္ဂင်ငါးသွင်း...(မဂ္ဂင်ငါး သွင်းရပါမယ်)၊ သဘောကျပလား...(ကျပါပြီ)။

ဒါဖြင့် မဂ္ဂင်ငါးသည် မှတ်ထားကြပါ၊ မဂ္ဂင်ငါးက သူ့အလိုလို ဆုတောင်းတာနဲ့ ပေါ်တာလား အာရုံကြောင့်ပေါ်တာလားဆိုတာ အရေးတကြီးမှတ်...(မှန်လှပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက ရှင်းရှင်းပြောပါတယ်၊ ခင်ဗျားတို့လဲ အင်မတန်အရေးကြီးတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေလို့ မဂ္ဂင်ငါးဆိုတာ ဆုတောင်းလို့ ပေါ်တာမဟုတ်ဘူး...(မဟုတ်ပါဘုရား)၊ အာရုံကြောင့်ပေါ်တာ...(မှန်ပါ့၊ အာရုံကြောင့် ပေါ်တာပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဒီဘက်ကို အာရုံပြုရင် ဒီငါးခု ပေါ်တယ်မဟုတ်ဘူးလား...(မှန်ပါ့)၊ ဒီအာက်ကိုအာရုံပြုရင်...(ဒီငါးပေါ်ပါတယ်)။

အေး ဒါဖြင့် ဒီငါးခုကို ခင်ဗျားတို့ ဝိပဿနာလုပ် မဂ်ငါးခု ပေါ်မှာကိုးဗျ...(မှန်ပါ့)၊ ဒီငါးခုကို ခင်ဗျားတို့က ဘာမှမကြည့်ဘဲ နေလို့ရှိရင် ဒီငါးခုလာမယ်...(မှန်ပါ့ဘုရား)၊ ဒီဟာကိုပင်လျှင် ခင်ဗျားတို့ ခန္ဓာငါးပါးကို မသိတာ အဝိဇ္ဇာ...(မှန်ပါ့)၊ ပြုတာ သင်္ခါရ၊ ခင်တာ တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ အခု စက်တွေလုပ်၊ ကုန်တိုက်တွေလုပ်ဆိုတာ ကမ္မဘဝတွေ...(မှန်ပါ့ ဘုရား)၊ ခင်ဗျားတို့လုပ်နေတဲ့ အလုပ်တွေက ကမ္မဘဝတွေချည့်ပဲ ...(မှန်ပါ့ဘုရား)၊ သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ကို ဘုရားက ဟောလိုက်တယ်၊ လူတစ်သိန်းသေလို့

သုဂတိသွားတဲ့ လူတစ်ယောက် ငါမမြင်ပါဘူးတဲ့...(မှန်ပါ့ဘုရား)။

လူတစ်သိန်းသေရင် တစ်ယောက်သွားတဲ့လူ ငါမမြင်ဘူးတဲ့ ...(မှန်ပါ့)၊ ဒါဖြင့် သူ့လက်ထက်တုန်းက သူကြီးစိုးနေတုန်းက မမြင်ရင် အခု အကုန်သွားပဲ...(မှန်ပါ့)၊ အတော်မဆိုးဘူးလား... (ဆိုးပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ခန္ဓာငါးပါး၊ ခန္ဓာငါးပါးဆိုတာ ပဋိစ္စသမုပ္ပာဒ်ကို ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒါပေါင်း လိုက်ရင် ခန္ဓာငါးပါး လာဖြစ်တာပဲ...(မှန်ပါ)၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးဆိုတာ ပဋိစ္စသမုပ္ပာဒ်နဲ့ တခြားစီလားလို့ မေးတော့ ပဋိစ္စသမုပ္ပာဒ်ငါးမျိုး ပေါင်းလိုက်လို့ရှိရင် ခန္ဓာငါးပါးဖြစ်တယ်... (မှန်ပါ့)။

ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာ ပေါင်းလိုက် တော့ ...(ငါးပါး)၊ ခန္ဓာဖွဲ့လိုက်တော့ကော...(ငါးပါးပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် တခြားစီမဟုတ်ပါလားဆိုတာ ပေါ်လာတယ် ...(ပေါ်လာပါတယ်ဘုရား)၊ နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့က အံမာ ရုပ်စရာမရှိရင် ကြံဖန်ရုပ်မည့်လူတွေက ရှိသေးတယ်... (မှန်ပါ)၊ ပဋိစ္စသမုပ္ပာဒ်က တန်းပြီးပြတယ်၊ ဘုန်းကြီးက ပေါင်းပြီးပြတယ်...(မှန်ပါ့)။

ပဋိစ္စသမုပ္ပာဒ်က မနေ့က ပြောခဲ့တယ်၊ ပန်းလိုသီတာ... (မှန်ပါ့)၊ ပန်းဆိုတာက သီထားတော့လဲ တန်းနေတယ်...(မှန်ပါ့ ဘုရား)၊ ပွင့်တော့လဲ အဆုပ်ကလေးတွေပွင့်တယ်၊ ဒါ အဆုပ် ကလေးတွေ ပွင့်တယ်၊ ဒါ အဆုပ်ကလေးတွေပွင့်တာပဲ၊ ပင်ကို

ပွင့်ကိုပြောတာ…(မှန်ပါ)၊ ပင်ကိုပွင့်ပေမယ့် လူပယောဂနဲ့ သိထားတာ…(မှန်ပါ)၊ အဲ…သုတ္တန်နည်းကလဲ လူ့ပယောဂနဲ့ သိထားတာ…(မှန်ပါ)။

သိတဲ့နဲ့ သိထားတာကို ဘာခေါ်မယ်…(သုတ္တန်နည်းပါဘုရား)၊ သုတ္တန်နည်းဆိုရင် တန်းသွားလိမ့်မယ်…(မှန်ပါဘုရား)။

သိတဲ့နဲ့ သိမထားပါဘူး၊ ဖြစ်စဉ်ကိုက် ဟောမယ်ဆိုတာ ခန္ဓာငါးပါးပေါင်းပြတာ…(မှန်ပါ)၊ အဘိဓမ္မာနည်းက ပေါင်းပြတယ်၊ ရှင်းပလား…(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဘိဓမ္မာနည်းဟာ ဖြစ်စဉ်ကိုက်အမှန်…(မှန်ပါ)၊ သုတ္တန်နည်းက သိလွယ်အောင်လို့ တန်းပြတာ…(မှန်ပါ)၊ သိလွယ်အောင်လို့ တန်းပြတာ၊ ဖြစ်စဉ်တော့ မဟုတ်ဘူး…(မှန်ပါ)၊ ဒါဖြင့် အခုပြတာ ဘာတုံး၊ ဖြစ်စဉ်ကိုက်ပြမယ်…(မှန်ပါဘုရား)။

## ခန္ဓာငါးပါး ပေါင်းမရှုနှင့်

ဖြစ်စဉ်ကိုက်ပြတော့ ခန္ဓာငါးပါး…(မှန်ပါ)၊ ခန္ဓာငါးပါးဟာ ငါးပါးစလုံး ရှုခဲ့သော် နိဗ္ဗာန်မရနိုင်ဘူး၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဖြစ်ပုံနဲ့ ချုပ်ပုံ အသက်တမ်းမတူလို့…(မှန်ပါ)၊ ဒါမှတ်ထား။

ဖြစ်ပုံနဲ့ချုပ်ပုံ…(အသက်တမ်း မတူပါဘုရား)၊ ရူပက္ခန္ဓာက အသက်ရှည်တယ်၊ နာမက္ခန္ဓာက အသက်တိုတယ်…(မှန်ပါဘုရား)။

အဲ…ပေါင်းမရှုရဘူး…(မှန်ပါ)၊ ဘုရားက ဟောလိုက်တော့ ပေါင်းမရှုပုံ ရှင်းပြမယ်ဆိုပြီး ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုပြီး ရပ်ပြတယ်…(မှန်ပါ)။

ဝေဒနာ နုပဿနာဆိုတော့ ဝေဒနာပြတယ်၊ ဓမ္မာနုပဿနာဆိုတော့ သညာသင်္ခါရပြတယ်၊ စိတ္တာနုပဿနာဆိုတော့ စိတ်ပြတယ်…(မှန်ပါ)၊ ပေါင်းမရှုနဲ့လို့ပြောတာ…(မှန်ပါ)၊ ပေါ်ပလား…(ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ပြောသတုံး…(ပေါင်းမရှုနဲ့ ပြောပါတယ်ဘုရား)၊ ကြည့်လေ သတိပဋ္ဌာန်လေးပါး ခွဲလိုက်တယ်…(မှန်ပါ)၊ ပေါင်းမရှုနဲ့ဆိုတော့ ကာယာနုပဿနာ ရှုချင်ရှု၊ ဝေဒနာနုပဿနာရှုချင်ရှု၊ ဓမ္မာနုပဿနာရှုချင်ရှု၊ စိတ္တာနုပဿနာရှုချင်ရှု သဘောပါပလား…(ပါ,ပါပြီဘုရား)။

ဩော်…ဒါဖြင့် ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်တော့ လေးပါးဖြစ်တယ်…(မှန်ပါ)၊ ပေါ်ပလား…(ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ သတိပဋ္ဌာန်လေးဝါးကို ပေါင်းလိုက်ဦးမယ် ကျုပ်က…(မှန်ပါ)၊ သတိပဋ္ဌာန်လေးပါးကို ပေါင်းလိုက်ဦးမယ်တဲ့၊ ခင်ဗျားတို့က လေးပါးတောင်ဘုရား၊ များလိုက်တာ လူတစ်ယောက်တည်း လေးလုပ် လုပ်ရမယ်ဆိုရင် မဖြစ်ပါဘူးလို့ ခင်ဗျားတို့ကလဲ ခပ်ပျင်းပျင်းနဲ့၊ ခပ်ဖျင်းဖျင်းနဲ့၊ ဆင်ခြေများများနဲ့ နဂိုက ဟန်မကျငှဲအထဲ ချေးက ထူသေးတယ်…(မှန်ပါဘုရား)။

ဒီလိုရှိသေးတော့ ဒီလိုလုပ်ပါတဲ့၊ ခန္ဓာငါးပါးကို သစ္စာဖွဲ့လိုက်ဆိုတော့ ဒုက္ခသစ္စာချည့် ဖြစ်သွားတယ်…(မှန်ပါ)၊ မဖြစ်ဘူးလား…(ဖြစ်ပါတယ်ဘုရား)၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာကိုး အကုန်ဒုက္ခဖြစ်သွားတယ်…(မှန်ပါ)။

အဲဒီတော့ အကုန်ဒုက္ခကို သိလိုက်တော့ ဩော်…ဒါ ဒုက္ခတစ်ခုတည်းဖြစ်သွားပြီ၊ ပေါ်ပြီမဟုတ်ဘူးလား…(မှန်ပါဘုရား)။

ဒုက္ခတစ်ခုတည်းဖြစ်သွားပြီ၊ ဒုက္ခတစ်ခုတည်း ဘယ့်နှယ်

ကြောင့် ဖြစ်ရသတုံး ဆိုလို့ရှိရင် ဒီနှစ်ခုစလုံးဟာ ဖြစ်မှုပျက်မှုပဲ ရှိတယ်…(မှန်ပါ့)၊ ဖြစ်မှု,ပျက်မှု ဘာသစ္စာတုံး…(ဒုက္ခသစ္စာပါ ဘုရား)။

ဒုက္ခသစ္စာတစ်လုံးတည်းဆိုရင် ခင်ဗျားတို့အလျော့ နောက်ထပ်မခိုင်းနဲ့တော့ မရဘူး…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီ ဘုရား)။

**ဒုက္ခသစ္စာရှု**

ဘာရှုရမတုံး…(ဒုက္ခသစ္စာရှုရပါမယ်ဘုရား)၊ အဲဒီ ဒုက္ခသစ္စာ တစ်လုံးတည်းရှု၊ ဒို့ထက်လျှော့လို့တော့ မဖြစ်တော့ဘူး၊ အိပ်နေရုံပဲရှိတော့တယ်…(မှန်ပါ့)၊ ဒုက္ခသစ္စာတစ်လုံးတည်းရှုလိုက်ရင် ပြီးတာပဲ၊ မပြီးသေးဘူးလား…(ပြီးပါတယ်ဘုရား)။

ကဲ..ဒါဖြင့် ခင်ဗျားတို့ ကာယာနုပဿနာကြိုက်လဲ ဖြစ်ပျက်ရှု …(မှန်ပါ့)၊ ဒုက္ခသစ္စာပဲရှု…(မှန်ပါ့)၊ ဝေဒနာနုပဿနာကြိုက်ကော…(ဖြစ်ပျက်ရှုပါမယ်ဘုရား)၊ ဓမ္မာနုပဿနာကြိုက်ကော …(ဖြစ်ပျက်ရှုပါမယ် ဘုရား)၊ စိတ္တာနုပဿနာကြိုက်ကော… (ဖြစ်ပျက်ရှုပါမယ်ဘုရား)။

ဒီအထဲ အကုန်ဝင်တာပဲ…(မှန်ပါ့)၊ မြတ်စွာဘုရားဉာဏ်ကြီး ဘယ်လောက်ကြီးသတုံးဟင်…(မှန်ပါ့)၊ အင်မတန်ကြီးကျယ်တယ် …(ကြီးကျယ်ပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့ပြောတတ်တဲ့ပုဂ္ဂိုလ်က ပြောလို့သာ ခင်ဗျားတို့က နားလည်တာ၊ နို့မဟုတ်လို့ရှိရင် ဝေဒနာမှ နိဗ္ဗာန်ရောက်တယ် ထင်ချင်ထင်နေတာ…(မှန်ပါ့)။

စိတ်မှ နိဗ္ဗာန်ရောက်တယ်လို့ ထင်ချင်ထင်နေတာ…(မှန်ပါ့)၊

မဟုတ်ဘူးတဲ့၊ နောက်ဆုံးနိဂုံးချုပ်တော့ ဖြစ်,ပျက်မြင်ကြဖို့ပါပဲ ...(မှန်ပါ့)၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘာမြင်ကြရမလဲ...(ဖြစ်,ပျက်မြင်ရပါမယ်ဘုရား)၊ နို့ ဝေဒနာရှုတာမှမဟုတ်ဘဲ ခင်ဗျားတို့ သမုဒယနဲ့ ဝယရှုတာ...(မှန်ပါ့)၊ သမုဒယဆိုတာ ဖြစ်တာ၊ ဝယဆိုတာပျက်တာ...(မှန်ပါ့)၊ သမုဒယနဲ့ ဝယရှုတာပဲ...(မှန်ပါ့)။

နောက်ဆုံးပိတ်ကျတော့ ဘာတွေ့သတုံး...(ဖြစ်,ပျက်တွေ့ပါတယ်ဘုရား)၊ ဖြစ်,ပျက် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒီဒုက္ခသစ္စာတစ်လုံးတည်းရှုရမှာ၊ ရလိုက်ရင် သမုဒယသစ္စာပယ်မယ်၊ မပယ်ဘူးလား...(ပယ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ဒုက္ခသစ္စာတစ်လုံးတည်း ခင်ဗျားတို့ ရှုရတော့မယ်၊ ဒုက္ခသစ္စာတစ်လုံးတည်း ရှုရတော့မယ်ဆိုတော့ ဖြစ်,ပျက်တစ်ခုတည်းပဲ...(မှန်ပါ့)။

ဖြစ်ပြီး ပျက်တာချည့်ပဲရှိတယ်ဆိုတော့ ဩော်...ဖြစ်,ပျက်ဆိုတာ သစ်ပင်လဲ ဖြစ်,ပျက်ပဲ၊ တောတွေတောင်တွေလဲ ဖြစ်ပျက်ပဲ၊ ရုပ်နာမ်ရှိတဲ့ဟာတွေမှာကော...(ဖြစ်,ပျက်ပါဘုရား)၊ ဖြစ်,ပျက်ချည့်ပဲလို့ဆိုတော့ ခင်ဗျားတို့ မြင်သရွေ့ ဖြစ်ပျက်ရှုရမယ်ဆိုတော့ ရှုပ်သွားတယ်...(မှန်ပါ့)၊ မြင်သရွေ့ ဖြစ်ပျက်ရှုရမယ်ဆိုတော့...(ရှုပ်သွားပါတယ်ဘုရား)၊ ရှုပ်သွားတယ် ဉာဏ်က မင်္ခနိုင်ဘူး...(မှန်ပါ့)။

**စိတ္တာနုပဿနာရှုနည်း**

ဉာဏ်က မင်္ခနိုင်တော့ ဘုန်းကြီးက ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ် စိတ္တာနုပဿနာရှု...(မှန်ပါ့)၊ ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်...(စိတ္တာနုပဿနာ

ရပါမယ်ဘုရား)။

အဲဒီတော့ စိတ်ကို ဘုန်းကြီးက ခင်ဗျားတို့ကို ဟောရမယ်... (မှန်ပါ့)၊ ဖြစ်ပျက်တော့ ဖြစ်ပျက်ပဲ၊ စိတ်ဖြစ်ပျက် ဟောရတော့ မှာပဲ...(မှန်ပါ့)။

အဲ...စိတ်ဝေဖန်ကြစို့၊ စိတ်ကို ဝေဖန်ကြစို့ဆိုတော့ စိတ်ဟာ ဘုရားက ဟောထားတာက သတိပဋ္ဌာန်ပါဠိတော်မှာ ကာမစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်...(မှန်ပါ့)၊ ဘုရားက ကာမရူပ၊ အရူပ၊ လောကုတ္တရာလို့ ဝေဖန်ထားတယ်...(မှန်ပါ့)။

အဲဒီတော့ ကာမစိတ်၊ ဩော်...ဒါ ခင်ဗျားတို့နဲ့ ကိုက်တယ် ကာမဘုံသား...(မှန်ပါ့)၊ ရူပ, အရူပ, လောကုတ္တရာဆိုတော့ ကိုက်ပါ့မလား...(မကိုက်ပါဘုရား)၊ အဲဒီတော့ ဒါကိုလဲ နှုတ်တက် ရသေးတယ်...(မှန်ပါ့)၊ ဒါ နှုတ်မတက်ရင် သွားပြီ...(မှန်ပါ့ ဘုရား)။

ဒါမနှုတ်လို့ရှိရင် ပါဠိတော်က အကုန်ဆိုတယ်၊ မင်းက ဘာဘုံသားတုံး မေးမှာပဲ...(မှန်ပါ့ဘုရား)၊ ပါဠိတော်က ကာမ ပုဂ္ဂိုလ်လဲ သူဟောတယ်၊ ရူပပုဂ္ဂိုလ်ကော...(ဟောပါတယ်ဘုရား)၊ အရူပပုဂ္ဂိုလ်ကော...(ဟောပါတယ်ဘုရား)၊ လောကုတ္တရာပုဂ္ဂိုလ် ကော...(ဟောပါတယ်ဘုရား)၊ ခင်ဗျားက ဘာပုဂ္ဂိုလ်တုံး...(ကာမ ပုဂ္ဂိုလ်ပါဘုရား)၊ ကာမပုဂ္ဂိုလ်ဖြစ်ရင် ရူပစိတ် ခင်ဗျား သန္တာန် ရှိပါ့မလား...(မရှိပါဘုရား)၊ အရူပစိတ်ကော...(မရှိပါဘုရား)၊ လောကုတ္တရာစိတ်ကော...(မရှိပါဘုရား)။

အဲ...ရှိတာကိုရှု၊ မရှိတာရှုရင် ပညတ်ဖြစ်သွားမယ်၊ ဒါ ဝေဖန်ရသေးတယ်...(မှန်ပါ့)၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

အလုပ်ပေးနည်းက မလွယ်ဘူး...(မှန်ပါ့၊ မလွယ်ပါဘုရား)၊

ဒါ့ကြောင့် တစ်နေ့က ရန်ကုန် မင်းကွန်းက ဘုန်းကြီးတပည့် ကလေးတွေ တရားဟောရသေးတယ်၊ မိုးကုတ်လိုက်လာတယ်... (မှန်ပါ့)၊ မင်းတို့ အလွဲတွေရှောင်လုပ်မနေနဲ့၊ မင်းတို့ ဘုရားက ဟောထားတာက ကာမပုဂ္ဂိုလ် ကာမစိတ်တွင် ရှိနိုင်တယ်၊ ဘုရားမှာတော့ ပရိနိဗ္ဗာန်စံမှာမို့ ပုဂ္ဂိုလ်စုံအတွက် အကုန်ဟောခဲ့ရ တယ်၊ မင်းတို့က ရန်ကုန်သူတွေ ဟောနေတာ ပုထုဇဉ်တွေဟော တော့ ကာမပုဂ္ဂိုလ် ကာမစိတ်ကွက်ပြီးတော့ အရှုခိုင်း...(မှန်ပါ့)။

ဩော်...ဒီလိုပါလားလို့ အဲဒီကျမှ ရိပ်မိတယ်...(မှန်ပါ့)၊ နို့မို့ ပါဠိတော်အတိုင်း သွားနေမယ်...(သွားပါတယ်ဘုရား)။

ပါဠိတော်ကတော့ အကုန်သိမ်းကြုံးပြီး ဟောတာ၊ ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပါဠိတော်ဆိုတိုင်း အကုန်လိုက်မလား ကိုယ်နိုင်ရာ ကိုယ်လုပ်ရမှာလား...(ကိုယ်နိုင်ရာ ကိုယ်လုပ်ရမှာပါဘုရား)။

အံမာလေး မနည်းစစ်ရပါလား...(မှန်ပါ့)၊ ကိုယ်နိုင်ရာ ကိုယ်လုပ်ရမယ်...(မှန်ပါ့ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ အများဆုံးဖြစ်တာ ၃၇ ပဲ ရှိတယ်...(မှန်ပါ့)၊ ဒါပဲ လှည့်ပေါ်တယ်...(မှန်ပါ့)၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့သန္တာန်မှာ...(၃၇-ပဲပေါ်ပါတယ်ဘုရား)၊ ဒါပဲ၊ အကုသိုလ်က ၁၂ ခု၊ ဒါကတော့ ခင်ဗျားတို့ တစ်ခုမှ မပယ် သေးတာ ပေါ်ချင်တာပေါ်မယ်...(မှန်ပါ့)၊ အဟိတ်စိတ်က ၁၈ ရှိတယ်၊ ၁၈ ပါးရှိပေမယ့် ရဟန္တာမှာသာဖြစ်တဲ့ ဟသိတုပ္ပါဒ် စိတ်တစ်ခု နုတ်လိုက်တော့ သူကလဲ ဘယ်လောက်ရမလဲ...(၁၇ ခု ရပါတယ်ဘုရား)၊ အေး...ဒါပဲရမယ်ဟုတ်လား...(မှန်ပါ့ဘုရား)။

အဲဒီတော့ မဟာကုသိုလ်စိတ် ၈ ခုထည့်လိုက်...(၃၇ ခုပါ ဘုရား)၊ ဝိပါတ်တွေဆိုတာ ခင်ဗျားတို့ သန္တာန်အများအားဖြင့် အိပ်မှဖြစ်တာ၊ ဒါကို ခင်ဗျားတို့ ရှုလို့ဖြစ်မှာ မဟုတ်ဘူး...(မှန်ပါ့)။

ဩော်...တို့ရှုရမှာ ၃၇ ထဲမှာလား၊ ဒါ ရကော်ဒါထဲပါမှ အဖိုးတန်မယ်...(မှန်ပါ့)၊ ရမ်းရှုလို့ မဖြစ်ဘူး၊ ၃၇ ထဲပေါ်တယ် ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

၃၇ ကို တစ်ခါ ဘုန်းကြီးက ဟ ၃၇ တောင် များလှတယ်၊ ဒါ ပညာသည်ဆိုတော့ ချုံးပြနိုင်တာကိုး...(မှန်ပါ့)။

ဟာ ၃၇ ကို ဒီလိုမနေနဲ့ ကြာတယ်၊ ၃၇ ပေါ်တိုင်းလဲ ခင်ဗျားတို့ ထင်ရှားနေတဲ့နေရာကိုရှု ဆိုတာတော့ မြင်စိတ်... (မှန်ပါ့)။၊ မလာဘူးလား၊ မြင်စိတ်ဆိုတော့ ခင်ဗျားတို့က သိပြီ၊ ဒါ ၃၇ ထဲကပဲ...(မှန်ပါ့)၊ ကြားစိတ် ဟုတ်လား...(မှန်ပါ့ ဘုရား)၊ နံစိတ် စားစိတ် သဘောကျပလား...(ကျပါပြီဘုရား)၊ ယားယံနာတဲ့စိတ် ကိုယ်စိတ်ပေါ့လေ၊ ကာယဝိညာဏ်စိတ်... (မှန်ပါ့)၊ ကောင်းစိတ် ကိုယ်ပေါ်မှာ သုခစိတ်...(မှန်ပါ့)၊ သုခ သဟဂတံ ကာယဝိညာဏ...(မှန်ပါ့)၊ ဒါ အပြင်ဧည့်သည် ခြောက်ယောက်ကွ၊ ဘုန်းကြီးက တစ်ခါ ချုံးလိုက်ပြန်တယ်... (မှန်ပါ့ဘုရား)။

ပြီးတော့မှ မင်းတို့သန္တာန်မှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဟုတ်လား...(မှန်ပါ့)၊ ပြီးတော့မှ အလောဘ၊ အဒေါသ၊ ဟော...ဒါ အတွင်းဧည့်သည်ဆိုတာ ဝမ်းထဲပေါ်တာ ...(မှန်ပါ့ဘုရား)၊ အတွင်းမှာလဲ သူတို့ငါးခု ပြိုင်ပေါ်တာ မဟုတ်ဘူး၊ တစ်ခုစီပေါ်တာ...(မှန်ပါ့)။

ပြီးတော့ အိမ်သည်နှစ်ခုရှိသေးတယ်ဆိုတာက မရှုဘဲ မရှိက်ဘဲ

မနေနိုင်လို့ လေထုတ်တဲ့စိတ်၊ လေရှိုက်တဲ့စိတ်...(မှန်လှပါဘုရား)။

အဲဒီမှာ အမောဟ ချန်ပစ်ခဲ့တယ်၊ ဘာဖြစ်လို့ ချန်ပစ်ခဲ့သတုံး ဆိုတော့ ရှုရမည့်တရားဖြစ်လို့ ချန်ပစ်ခဲ့တယ်...(မှန်ပါ)၊ ဒါတွေ ကတော့ အရှုခံတရားမို့၊ ရှင်းပလား...(ရှင်းပါပြီဘုရား)၊ မြင်စိတ်... (ကြားစိတ်၊ နံစိတ်၊ စားစိတ်)၊ ယားနာတဲ့စိတ်၊ ကောင်းတဲ့စိတ်၊ ဒီကိုယ်ပေါ်မှာချည့်ပေါ်တာ...(မှန်ပါ)၊ အပြင်ဇည့်သည်ခြောက် ယောက်...(မှန်ပါ)။

ဒါ အပြင်မှာပေါ်တာ၊ စာလိုတော့ အဇ္ဈတ္တိကာယတန၊ ဒါပေမယ့် ကိုယ့်သန္တာန်မှာ ဒါ အပြင်ဘက်ပေါ်လို့ အပြင်ဧည့်သည် သာမှတ်လိုက်...(မှန်ပါ)၊ အပြင်မှာပေါ်လို့ အပြင် ထာဝရမပေါ်လို့ ဧည့်သည်...(မှန်ပါ)၊ ဒါကြောင့် ပေါင်းလိုက်သော် အပြင် ဧည့်သည်...(မှန်ပါ)။

အတွင်းဧည့်သည်က ငါးခု၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ...(မှန်ပါ)။

အမောဟ ဘာဖြစ်လို့မပါသတုန်း မရှုရမှာကြောင့်...(မှန်ပါ ဘုရား)၊ အမောဟကနေပြီး အကုန်ရှုမှာ...(မှန်ပါ)၊ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒါက လေထုတ်တဲ့စိတ်၊ ဒါက လေပြန်ရှိုက်တဲ့ စိတ်...(မှန်ပါ)၊ သူက အိမ်သည်နှစ်ခု၊ အိမ်သည်နှစ်ခုဆိုတော့ သက်စောင့်...(မှန်ပါ)၊ သူမရှိ သေသွားမယ်...(မှန်ပါ၊ သေရမှာပါ ဘုရား)။

ကဲ...ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ အလုပ်စ,ပေးပြီ...(မှန်ပါ)၊ ဒါပေါ်ရင် ဒါဖြစ်ပျက်လိုက်...(မှန်ပါ)၊ ဒါပေါ်ရင်...(ဖြစ်ပျက် ကြည့်လိုက်ရပါမယ် ဘုရား)။

အဲ...အပြင်ဧည့်သည်ပေါ်ရင်လဲ တစ်ခုစီပေါ်မှာပဲ၊ အကုန်ဖြစ်ပျက်လိုက်...(မှန်ပါ့)၊ အတွင်းဧည့်သည်ငါးယောက် တစ်ယောက်ယောက်ပေါ်ရင်...(ဖြစ်ပျက်လိုက်ရပါမယ်ဘုရား)၊ ဘာမှမရှိဘူးဆိုရင် ဒီနှစ်ခုလှည့်ရှု...(မှန်ပါ့)၊ ပေါ်ရင် ပြန်လိုက်၊ သဘောပါပလား...(ပါ,ပါပြီဘုရား)။

ဒါဖြင့် စိတ်ဘယ်နှစ်မျိုးပြသတုံး ကြည့်...(ဆယ့်သုံးမျိုးပါဘုရား)၊ အဲ...သုံးဆယ့်ခုနစ်ခုကို ချုံးလိုက်ရင် ဒါပဲရှိတယ်...(မှန်ပါ့)။

သုံးဆယ့်ခုနစ်ကိုချုံးလိုက်ရင်...(ဆယ့်သုံးပဲရှိပါတယ်ဘုရား)၊ အဲ...ဆယ့်သုံးမျိုးပဲရှိတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဟိုမှာတော့အင်မတန်ကျယ်ဝန်းအောင်ပြတယ်...(မှန်ပါ့)၊ ဒွိဟိတ်ပုဂ္ဂိုလ်ရော တိဟိတ်ပုဂ္ဂိုလ်ပါပြတယ်...(မှန်ပါ့ဘုရား)၊ ဒါက ခင်ဗျားတို့က ဒွိဟိတ်ဖြစ်ဖြစ်၊ တိဟိတ်ဖြစ်ဖြစ် ဒါတော့ ပေါ်ရမယ်...(မှန်ပါ့)၊ မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား)။

လောဘမပေါ်နဲ့ဆိုလို့ မရဘူး၊ အကြောင်းတိုက်ဆိုင်ရင် ပေါ်ရမှာပဲ...(မှန်ပါ့)၊ ဒေါသမပေါ်ပါနဲ့ဆိုလို့ မရဘူး၊ မောဟမပေါ်ပါနဲ့ဆိုလို့ မရဘူး၊ အကြောင်းတိုက်ဆိုင်ရင် ပေါ်မှာပဲ၊ ပယ်မှ မပယ်သေးဘဲကိုး...(မှန်ပါ့)။

အလောဘဆိုတဲ့ လှူချင်, တန်းချင်တာကော၊ အဒေါသဆိုတဲ့ မေတ္တာကော...(ပေါ်ပါတယ်ဘုရား)၊ ရှုမှု၊ ရှိက်မှုကကော ကင်းရဲ့လား...(မကင်းပါဘုရား)။

အဲဒီတော့ အပြင်ဧည့်သည် ၆၊ အတွင်းဧည့်သည် ၅၊ အိမ်သည် ၂ ကို ခင်ဗျားတို့ အမောဟနဲ့ ရှု...(မှန်ပါ့)။

အမောဟက သူချည့် တစ်ခုတည်းဖြစ်လေ့မရှိသောကြောင့်

၅ ခုပြတယ်...(မှန်ပါ့)၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဒီ ၅ ခုနဲ့ရှု...(မှန်ပါ့)။

**ဓမ္မကို ဓမ္မနှင့်ရှု**

ရှုတာ ဘယ်သူတုံးလို့မေးရင် ဓမ္မ...(မှန်ပါ့)၊ အရှုခံတာ ဘယ်သူတုံးလို့မေးရင် ဓမ္မပဲ၊ ဓမ္မကို ဓမ္မနဲ့ရှု...(မှန်ပါ)၊ ဓမ္မကို ဓမ္မနဲ့ရှုဆိုတော့ ဘုန်းကြီးက အထူးပြောဖို့မလိုတော့ဘူး၊ သက္ကာယဒိဋ္ဌိပြုတ်တယ်...(မှန်ပါ့)။ မပြုတ်သေးဘူးလား...(ပြုတ်ပါတယ်ဘုရား)။

ဓမ္မကို...(ဓမ္မနဲ့ ရှုရပါမယ်)၊ အဲ...ဒါဟာ ပြီးသွားတာပေါ့၊ ဓမ္မကို ဓမ္မနဲ့ရှုနေရတာ သိလို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိပြုတ်ပြီ...(မှန်ပါဘုရား)။

ဓမ္မကို ဓမ္မနဲ့ရှုနေရင်...(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား)၊ ဒီဓမ္မတွေဟာ အကြောင်းကင်း ဖြစ်တာမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်တယ်လို့ သိနေလို့ရှိရင် ဝိစိကိစ္ဆာပြုတ်ပြီ...(မှန်ပါ့ဘုရား)။

ဒီဓမ္မတွေဟာ အလိုလိုပေါ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား...(အကြောင်းကြောင့် ဖြစ်တာပါ)၊ အဲ...အကြောင်းကြောင့်ဖြစ်တယ်ဆိုတော့ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေပဲလို့ သိနေလို့ရှိရင် ဝိစိကိစ္ဆာပြုတ်ပြီ...(မှန်ပါဘုရား)။

**ညနေအားထုတ် မနက်ရမယ်၊**

အဲဒါကြောင့် ဒီသမ္မသနဆိုတဲ့ ဝိပဿနာဉာဏ် ခင်ဗျားတို့ ယနေ့စပြီး...(မှန်ပါ့)၊ ဘာမှမရှိရင် ဒါကလေးရှုနေ...(မှန်ပါ့)၊

ပေါ်ရင် ပေါ်ရာလိုက်၊ သဘောကျပလား…(ကျပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက် မင်္ဂကြား က ကိလေသာ ကြားမခြားဘူး၊ ဒါနဲ့ဒါနဲ့ ကြားမှာ မခြားတော့ဘူး ဆိုရင် ညနေအားထုတ်၊ မနက်ရမယ်…(မှန်ပါ့)၊ မနက်အားထုတ် ရင်…(ညနေရပါမယ်)၊ မရရင် ခင်ဗျားတို့ ကြားခြားလို့ဆိုတာ ကျုပ်က ဆုံးဖြတ်ချက်ချပြီ…(မှန်ပါ)၊ ဘယ့်နှယ်နေသတုံး မေးလို့ ရှိရင် တယ် ကိလေသာ ပေါတဲ့လူတွေဗျာ…(မှန်ပါ့)၊ ဒါပဲဆိုရမှာပဲ၊ ဒီပြင် ဘာဆိုစရာရှိသေးသတုံး…(ဒါပဲဆိုရမှာပါဘုရား)။

ဘုရားက ညနေအားထုတ် မနက်ရ,ရမယ်တဲ့၊ မနက် အားထုတ် ညနေရ,ရမယ်ဆိုတော့ ,မရသေးဘူးဘုရာ့၊ မရရင် ကိလေသာကြားခိုတယ်…(မှန်ပါ)၊ ရှင်းပလား…(ရှင်းပါပြီဘုရား)။

ကဲ…ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု…သာဓု…သာဓု

◆